## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး

## (၂၁) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်

## (၂၀၁၃ ခုနှစ်၊ မတ်လ ၄ ရက်)

## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့ကို နံနက် ၁၀း၁၅ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၁၅။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

### ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး ရှိတဲ့အနက် ၃၄၈ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၁.၆၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၄-၃-၂၀၁၃ ရက်နေ့မှာ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့သို့ တက်ရောက်တဲ့ ပြည်သူ့ ကိုယ်စားလှယ်များတက်ရောက်ခြင်းနှင့် ခွင့်ပန်ကြားခြင်းအခြေအနေကို ပြည်သူ့လွှတ်တော် အခွင့် အရေးကော်မတီ အတွင်းရေးမှူးအနေဖြင့် တင်ပြခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ယနေ့ အစည်း အဝေးသို့ တက်ရောက်ခွင့်ရှိသူ လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၄၂၆ ဦးအနက် တက်ရောက်သူဦးရေ ၃၄၈ ဦးရှိပြီး ပျက်ကွက်သူဦးရေပေါင်း ၇၈ ဦးရှိပါတယ်။ ပျက်ကွက်သူများအနက် ယခင်ခွင့်ပန်ကြား၍ ခွင့်ပြုထားသူစုစုပေါင်း ၉ ဦးဖြစ်ပြီး ယနေ့ခွင့်ပန်ကြားသူ ၆၉ ဦးရှိပါတယ်။ ယနေ့ ခွင့်ပန်ကြား သူများမှာ-

(၁) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင် ခွင့် ၁ ရက်၊

(၂) ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဝင့် ခွင့် ၁ ရက်၊

(၃) သရက်မဲဆန္ဒနယ်မှ ဦးဝင်းကျော် ခွင့် ၁ ရက်၊

(၄) ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးကျော်ဝင်း ခွင့် ၁ ရက်၊

(၅) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးစိုးဝင်း အစည်းအဝေးပြီးဆုံးသည်အထိ၊

(၆) ငဖဲမဲဆန္ဒနယ်မှ ဦးမြင့်ဌေး ခွင့် ၁ ရက်၊

(၇) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ခွင့် ၅ ရက်၊

(၈) ညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင် ခွင့် ၅ ရက်၊

(၉) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင် ခွင့် ၅ ရက်၊

(၁၀) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးမောင်ကို ခွင့် ၅ ရက်၊

(၁၁) ကော့သောင်းမဲဆန္ဒနယ် ဦးမြင့်ထွန်း ခွင့် ၂ ရက်၊

(၁၂) လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်း ခွင့် ၁ ရက်၊

(၁၃) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၁ ရက်၊

(၁၄) ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ ခွင့် ၁ ရက်၊

(၁၅) ဝေါမဲဆန္ဒနယ်မှ ဦးမြင့်ရွှေ ခွင့် ၁ ရက်၊

(၁၆) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၁ ရက်၊

(၁၇) စလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်လွင် ခွင့် ၁ ရက်၊

(၁၈) ကျုံပျော်မဲဆန္ဒနယ်မှ ဒေါက်တာစိုးသူရ ခွင့် ၁ ရက်၊

(၁၉) မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့် ခွင့် ၁ ရက်၊

(၂၀) ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၁ ရက်၊

(၂၁) သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်း ခွင့် ၁ ရက်၊

(၂၂) မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန် ခွင့် ၁ ရက်၊

(၂၃) ရေကြည်မဲဆန္ဒနယ်မှ ဦးမောင်မောင်တင် ခွင့် ၁ ရက်၊

(၂၄) အုတ်တွင်းမဲဆန္ဒနယ်မှ ဦးညီညီမြင့် ခွင့် ၁ ရက်၊

(၂၅) မောင်တောမဲဆန္ဒနယ်မှ ဦးအောင်ဇော်ဝင်း ခွင့် ၁ ရက်၊

(၂၆) လာရှိုးမဲဆန္ဒနယ်မှ ဦးစိုင်းမြင့်အေး ခွင့် ၁ ရက်၊

(၂၇) ကျောက်တော်မဲဆန္ဒနယ်မှ ဦးသာစိန် ခွင့် ၁ ရက်၊

(၂၈) ချီဖွေမဲဆန္ဒနယ်မှ ဦးဖုံးတိန့် ခွင့် ၁ ရက်၊

(၂၉) ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့် ခွင့် ၁ ရက်၊

(၃၀) နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦး ခွင့် ၁ ရက်၊

(၃၁) ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း ခွင့် ၁ ရက်၊

(၃၂) မိတ္ထီလာမဲဆန္ဒနယ်မှ ဦးဝင်းထိန် ခွင့် ၁ ရက်၊

(၃၃) မြောင်မဲဆန္ဒနယ်မှ ဦးအုန်းငွေ ခွင့် ၁ ရက်၊

(၃၄) စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးခင်မောင်သိန်း ခွင့် ၁ ရက်၊

(၃၅) မော်လမြိုင်မဲဆန္ဒနယ်မှ ဒေါ်ခင်ဒွေးကြွယ် ခွင့် ၁ ရက်၊

(၃၆) ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါက်တာဇော်မြင့်မောင် ခွင့် ၁ ရက်၊

(၃၇) ကလေးမဲဆန္ဒနယ်မှ ဦးတင်လှိုင် ခွင့် ၁ ရက်၊

(၃၈) ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးအေး ခွင့် ၁ ရက်၊

(၃၉) ယင်းမာပင်မဲဆန္ဒနယ် ဦးသောင်းဟန် ခွင့် ၁ ရက်၊

(၄၀) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးဝင်းသိန်း ခွင့် ၁ ရက်၊

(၄၁) မုံရွာမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး ခွင့် ၁ ရက်၊

(၄၂) ရေဦးမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး ခွင့် ၁ ရက်၊

(၄၃) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၁ ရက်၊

(၄၄) မြင်းမူမဲဆန္ဒနယ်မှ ဦးဇော်ဝင်းအောင် ခွင့် ၁ ရက်၊

(၄၅) ကျွန်းလှမဲဆန္ဒနယ်မှ ဦးကျော်ညွန့် ခွင့် ၁ ရက်၊

(၄၆) မြစ်သားမဲဆန္ဒနယ်မှ ဦးကြည်မောင် ခွင့် ၂ ရက်၊

(၄၇) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၃ ရက်၊

(၄၈) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင် ခွင့် ၁ ရက်၊

(၄၉) သာယာဝတီမဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ခွင့် ၁ ရက်၊

(၅၀) ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဉာဏ်ဆွေဝင်း ခွင့် ၁ ရက်၊

(၅၁) ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သိန်း ခွင့် ၁ ရက်၊

(၅၂) ပန်းတောင်းမဲဆန္ဒနယ်မှ ဦးခင်ဝင်း ခွင့် ၁ ရက်၊

(၅၃) မိုင်းတုံမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကြည် ခွင့် ၂ ရက်၊

(၅၄) ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ ခွင့် ၂ ရက်၊

(၅၅) ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး ခွင့် ၁ ရက်၊

(၅၆) မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ခွင့် ၂ ရက်၊

(၅၇) မဘိမ်းမဲဆန္ဒနယ်မှ ဦးမြင့်လှိုင် ခွင့် ၅ ရက်၊

(၅၈) ပူတာအိုမဲဆန္ဒနယ်မှ ဦးယော်ဒီဒွေး ခွင့် ၅ ရက်၊

(၅၉) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း ခွင့် ၅ ရက်၊

(၆၀) ဘုတလင်မဲဆန္ဒနယ်မှ ဦးသန်းနွယ် ခွင့် ၅ ရက်၊

(၆၁) လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ အစည်းအဝေးပြီးဆုံးသည်အထိ၊

(၆၂) ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော် အစည်းအဝေးပြီးဆုံးသည်အထိ၊

(၆၃) လှိုင်မဲဆန္ဒနယ်မှ ဒေါက်တာဝင်းမြင့် ခွင့် ၂ ရက်၊

(၆၄) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမြတ်သူ အစည်းအဝေးပြီးဆုံးသည်အထိ၊

(၆၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမျိုးဇော်ဦး အစည်းအဝေးပြီးဆုံးသည်အထိ၊

(၆၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်ဇော်မိုး အစည်းအဝေးပြီးဆုံးသည်အထိ၊

(၆၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးစိုးလင်းအေး အစည်းအဝေးပြီးဆုံးသည်အထိ၊

(၆၈) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးလှမိုး အစည်းအဝေးပြီးဆုံးသည်အထိနှင့်

(၆၉) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးဝင်းနိုင် ခွင့် ၃ ရက်တို့ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီနေ့မှ ထူးထူးခြားခြားတိုက်တိုက်ဆိုင်ဆိုင် ကျွန်တော်တို့ လွှတ်တော်ကို အဖွဲ့အစည်း ၃ ဦးက လာရောက်လေ့လာလျက်ရှိပါတယ်။ လာရောက် လေ့လာတဲ့ အဖွဲ့အစည်း ၃ ခု ကဦးရေစုစုပေါင်း ၂၂၀ ရှိပါတယ်။ ဒီနေ့မှာပဲ ထူးထူးခြားခြား ကျွန်တော်တို့ လွှတ်တော်က ခွင့်ပန် ကြားသူ ၇၈ ဦးဖြစ်နေပါတယ်။ ဒါလည်း တိုက်ဆိုင်မှုတစ်ခုပါပဲ။ ကျန်တဲ့ရက်တွေ ဒီလောက်ထိ များခဲ့တာမရှိပါဘူး။ အခု အခွင့်အရေးကော်မတီရဲ့ ခွင့်ပန်ကြားမှုနှင့်ပတ်သက်လို့ အားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၉ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၆၉ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၇၈ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါ့မယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနက သတင်းထုတ်ပြန်မှုများရှိသော်လည်း ထိရောက်မှုနည်းပါး၍ အန္တရာယ်ဖြစ်စေသည့် အရာများပိုမိုများပြားလာနေသည့်ကိစ္စနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးစွာ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာသန်းဝင်း(မြောက်ဥက္ကလာပမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်က ဒေါက်တာသန်းဝင်း ဖြစ်ပါတယ်။ ဒီနေ့ကျွန်တော်မေးမယ့်မေးခွန်းကတော့ မြန်မာနိုင်ငံမှာ အမျိုးသားရေးအန္တရာယ်အသွင်ဆောင်ယူလာတဲ့ ပြည်သူများကို အန္တရာယ်ဖြစ်စေတဲ့ အစားအသောက်နှင့်ဆေးဝါးများကိစ္စကိုမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ယခုအခါ မြန်မာနိုင်ငံမှာ ကမ္ဘာမှာရှိတဲ့ ကင်ဆာရောဂါအဖြစ်ဆုံး ၁၁ နိုင်ငံအနက်ကနေပြီးတော့ ရေတွက်မယ်ဆိုလို့ရှိရင် မြန်မာနိုင်ငံဟာ ဒုတိယထိပ်ဆုံးကနေပြီးတော့ ကင်ဆာရောဂါ ဒုတိယအဖြစ်ဆုံးနိုင်ငံအဖြစ်ရပ်တည်လျက်ရှိတာကို ကြားသိရပါတယ်။ မြန်မာနိုင်ငံမှာ ကင်ဆာရောဂါဖြစ်ပြီးဆိုရင်လည်း အားလုံးသိတဲ့အတိုင်းပဲ Chemotherapy ဆိုတဲ့ ဆေးသွင်းပြီးကုသမယ်ဆိုလို့ရှိရင်လည်း စရိတ်စက အင်မတန်ကြီးမားပါတယ်။ Radiotherapy ခေါ်တဲ့ ဓာတ်ရောင်ခြည်နှင့်ကုမယ်ဆိုလို့ရှိရင်လည်း ဓာတ်ရောင်ခြည်သုံးတဲ့စက်တွေဟာ မြန်မာနိုင်ငံမှာ မလုံလောက်တဲ့အတွက် ကင်ဆာရောဂါဝေဒနာရှင်များအနေနဲ့ များစွာအခက်အခဲများ ဖြစ်ပေါ်လျက် ရှိနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ပြည်သူများနေ့စဉ် မဖြစ်မနေပတ်သက်သုံးစွဲနေရတဲ့ အစားအစာများ၊ ဆေးဝါးများမှာဆိုလို့ရှိရင် ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေနိုင်တဲ့ ဓာတုဗေဒပစ္စည်းများ၊ ဓာတုဆိုးဆေးများ ပါဝင်နေတဲ့အတွက် မျိုးရိုးဗီဇကို ထိခိုက်စေနိုင်ခြင်း၊ အစာအိမ်အူလမ်းကြောင်းရောဂါများဖြစ်ပွားစေနိုင်ခြင်း၊ ဦးနှောက်အာရုံကြောထိုင်းမိုင်းခြင်းနှင့် ရေရှည်စားသုံး

ပါက အသဲနှင့်ကျောက်ကပ်ပျက်စီးခြင်း၊ ကင်ဆာရောဂါများဖြစ်ခြင်းစတဲ့ ဆိုးကျိုးများ ဖြစ်နိုင်တာကို တွေ့ရပါတယ်။ တားမြစ်ထားတဲ့ ဆိုးဆေးများပါဝင်တဲ့ အစားအသောက်များ၊ ငရုတ်သီးမှုန့်၊ နနွင်းမှုန့်၊ ဟင်းသီးဟင်းရွက်များ၊ နယ်စပ်မှတရားမဝင်ဝင်ရောက်လာတဲ့ စံချိန်မမီဆေးဝါးများ၊ မြောင်းဆီ အစရှိတဲ့ စားသုံးဆီများ၊ အသင့်စားသုံးနိုင်တဲ့ သရေစာများ ဥပမာ ကော်ဖီမစ်၊ တီးမစ်၊ ခေါက်ဆွဲထုတ်၊ ကြာဇံထုတ်၊ ဇီးထုတ်များ၊ ကြာရှည်ခံရန်ပြုလုပ်ထားတဲ့ အစားအစာများ၊ သန့်ရှင်းမှုမရှိတဲ့ ရေများ စသည်တို့ဟာ အထက်ဖော်ပြပါဆိုးကျိုးများကို ဖြစ်ပေါ်စေတဲ့အကြောင်းတရားများဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ အမျိုးသားအစားအသောက် ဥပဒေပုဒ်မ ၂၈(က)ကို ပြဋ္ဌာန်း ထား၍ မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနက ကြီးကြပ်မှုများ၊ အရေးယူမှုများ၊ သတင်းထုတ်ပြန်မှုများရှိသော်လည်း ထိရောက်မှုနည်းပါး၍ အန္တရာယ်ဖြစ်စေသည့်အရာများ လျော့နည်းပပျောက်မှုမရှိသည့်အပြင် တဖြည်းဖြည်းပိုမိုများပြားလာနေသည့်အတွက် ဤအမျိုးသား အန္တရာယ်ကို သက်ဆိုင်ရာကမည်ကဲ့သို့ အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း လေးစား စွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဝင်းမြင့်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ အားလုံးကိုမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်း၏ မေးခွန်းအား ပြန်လည်ဖြေကြား ခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ မေးခွန်းအား ပြန်လည်မဖြေကြားမီ ကိုယ်စားလှယ်တော်ကြီး ဆွေးနွေး သွားတဲ့ ကိန်းဂဏန်းနှင့်ပတ်သက်လို့ ရှင်းလင်းခွင့်ပြုပါရန် အထောက်အထားများနှင့် တင်ပြခွင့်ပြုပါ ရန် တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ကျန်းမာရေးနှင့်ပတ်သက်တဲ့ ကိန်းဂဏန်းတွေဆိုလို့ရှိရင် ကမ္ဘာ့ ကျန်းမာရေးအဖွဲ့က ကိန်းဂဏန်းကို အတည်ပြုယူဆဆောင်ရွက်လျက်ရှိပါတယ်။ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ရဲ့ ကိန်းဂဏန်းများနှင့် နှိုင်းယှဉ်ပြီးတင်ပြရမယ်ဆိုရင် ပထမဦးဆုံး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှ ၁၁ နိုင်ငံ ရှိပါတယ်။ ၁၁ နိုင်ငံမှာ ကင်ဆာနှင့်ပတ်သက်တဲ့ သေဆုံးမှု ၂၀၀၈ ကိန်းဂဏန်း နောက်ဆုံး Update ဖြစ်ပါတယ်။ ၂၀၀၈ ကိန်းဂဏန်းအရဆိုရင် မြန်မာနိုင်ငံအနေနဲ့ လူဦးရေ တစ်သိန်းမှာ ၄၅.၈ ယောက် တစ်နှစ်တစ်နှစ်ကိုသေဆုံးနေတယ်ဆိုတဲ့ ကိန်းဂဏန်းတွေ

တွေ့ပါတယ်။ အရှေ့တောင်အာရှ ၁၁ နိုင်ငံမှာကို ကျွန်တော်တို့ထက်များတဲ့ ၄ နိုင်ငံရှိပါတယ်။ အဲ့ဒါဘာလဲဆိုတော့ အများဆုံးကတော့ အိန္ဒိယဖြစ်ပါတယ်။ သေဆုံးမှုနှုန်းဟာ လူဦးရေ တစ်သိန်းမှာ ၆၃၄.၄ အထိရှိပါတယ်။ နောက် အင်ဒိုနီးရှားဆိုရင် ၂၁၅.၅ အထိရှိပါတယ်။ နောက်ထိုင်းဆိုရင် ၇၀.၇ ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ၄၅.၈ ဖြစ်ပြီးတော့ အရှေ့တောင်အာရှ ၁၁ နိုင်ငံမှာကို ကျွန်တော်တို့ထက်များတဲ့ ၄ နိုင်ငံ ရှိနေပါတယ်ဆိုတာကို ကျွန်တော့်အနေနဲ့ တစ်ချက်တင်ပြလိုပါတယ်။ နောက် အသက်ကိုစံထားပြီး သေနှုန်းတွေကိုတွက်တဲ့အခါမှာလည်း မြန်မာနိုင်ငံအနေနဲ့ ၁၁၉.၈ ရှိပြီးတော့ မြန်မာနိုင်ငံထက်များတဲ့ နိုင်ငံ အင်ဒိုနီးရှား ၁၂၀.၉၊ Maldives ၂၆၁.၅ နှင့် ဘူတန် ၁၂၄.၈ တို့ရှိနေတာကို ဆွေးနွေးတင်ပြ လိုပါတယ်။ ထို့နည်းတူစွာပဲ ကျွန်တော်တို့ ဖြစ်ပွားမှုနှုန်းမှာ လူဦးရေ တစ်သိန်းနဲ့ ကျွန်တော်တို့ တွက်လိုက်တဲ့အခါမှာ နိုင်ငံအနေနဲ့ ၁၁၅.၃ ရှိပြီးတော့ မြန်မာနိုင်ငံ ထက်များတဲ့နိုင်ငံတွေသည် စင်ကာပူက ၂၇၇.၃ ပါ။ ဒါအာဆီယံနိုင်ငံဖြစ်ပါတယ်။ နောက်တစ်ခုက ၁၅၂.၀ က ထိုင်း ဖြစ်ပါတယ်။ သူတို့ထက်များတဲ့ ဗီယက်နမ်သည် ၁၂၈.၁ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံအလိုက်မှာ ကျွန်တော်တို့နိုင်ငံထက်များတဲ့ နိုင်ငံတွေကို ဖြစ်ပွားမှုနှုန်းနှင့်ယှဉ်ပြီးတင်ပြခြင်း ဖြစ်ပါတယ်။ ထို့နည်းလည်းကောင်းပဲ သေဆုံးမှုမှာလည်း လူဦးရေ တစ်သိန်းမှာဆိုလို့ရှိရင် မြန်မာနိုင်ငံ က ၉၄.၅ ဖြစ်ပြီးတော့ စင်ကာပူက ၁၁၅.၉၊ ထိုင်းက ၁၀၁.၈ ကျွန်တော်တို့နိုင်ငံထက်များတဲ့ နိုင်ငံ လည်းတွေ့ရမှာ ဖြစ်ပါတယ်။ ဒါခုနက ယှဉ်ပြတဲ့ဟာသည် အရှေ့တောင်အာရှနိုင်ငံများနှင့် အာဆီယံ နိုင်ငံများကို ယှဉ်ပြခြင်းဖြစ်ပါတယ်။ ထို့နည်းတူစွာပဲ ကမ္ဘာ့နိုင်ငံအသီးသီးနဲ့ ကျွန်တော်တို့ထက်များတဲ့ နိုင်ငံတွေကို တင်ပြရမယ်ဆိုရင် သေဆုံးမှုနှုန်းမှာ မြန်မာနိုင်ငံက ၁၁၉.၈ လောက်ရှိတဲ့ အချိန်မှာ အင်ဒိုနီးရှားက ၁၂၁၊ Korea Republic က ၁၂၆၊ လာအိုက ၁၂၇၊ ပါပီအာနယူးဂီရိက ၁၂၈၊ နယူးဇီလန်က ၁၃၂၊ ချိုင်းနားက ၁၄၅၊ မွန်ဂိုရီးယား ၂၀၆ စသည်ဖြင့် အသီးသီးရှိနေပါတယ်။ ကျွန်တော်တင်ပြလိုခြင်းကတော့ မြန်မာနိုင်ငံအနေနဲ့ ကမ္ဘာ့မှာ ဒုတိယအများဆုံးဆိုတဲ့ ကိန်းဂဏန်း သည် ကျွန်တော်တို့ရရှိတဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် နောက် ကင်ဆာနှင့်ပတ်သက်ပြီး အထူးပြုထားတဲ့ ကိန်းဂဏန်းတွေအရတော့ မဟုတ်ပါဘူးဆိုတဲ့ ကျွန်တော့်အနေနဲ့ နံပါတ် ၁ ရှင်းလင်းတင်ပြလိုပါတယ်။ သို့သော်လည်းပဲ လွန်ခဲ့သော ၁၀ နှစ်လောက်က ကင်ဆာဖြစ်ပွားမှုနှုန်းက တဖြည်းဖြည်းတိုးတက်လာ တယ်ဆိုတာကိုတော့ တွေ့ရှိရမှာ ဖြစ်တယ်ဆိုတာကို ဦးစွာတင်ပြလိုပါတယ်။ နောက် ကိုယ်စားလှယ်တော်ကြီးမေးမြန်းတဲ့ မေးခွန်းနှင့်ပတ်သက်ပြီးတော့ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာနဟာ ပြည်သူများ အရည်အသွေး

ပြည့်ဝပြီး ဘေးအန္တရာယ်ကင်းရှင်းတဲ့ အစားအသောက်များရရှိနိုင်ရေးအတွက် ပြည်တွင်းထုတ်လုပ်ငန်းများကို ကြီးကြပ်၍ အစားအသောက်ထုတ်လုပ်ခြင်း၊ ထောက်ခံချက် လက်မှတ်ထုတ်ပေးခြင်း၊ ပြည်တွင်းသို့ တင်သွင်းလာတဲ့ စားသောက်ကုန်များအား စိစစ်ခြင်း၊ ပြည်ပသို့တင်ပို့မည့်အစားအသောက်များအား စိစစ်ခြင်း၊ ဈေးကွက်ထောက်လှမ်းစောင့်ကြည့်ခြင်း၊ နယ်စပ်ကုန်သွယ်ရေးစခန်းများတွင် ရုံးခွဲများ ဖွင့်လှစ်ဆောင်ရွက်ခြင်းနှင့် အများပြည်သူတို့အား အသိပေးကြေညာခြင်းများကို အခါအားလျော်စွာ လုပ်ဆောင်လျက်ရှိပါတယ်။

ကျန်းမာရေးဦးစီးဌာန အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာနဟာ ၂၀၁၂ ခုနှစ်အတွင်းမှာ ပြည်တွင်းထုတ်လုပ်ငန်း ၄၉၇ ခုအား အစားအသောက်ထုတ်လုပ်ခြင်း၊ ထောက်ခံချက် လက်မှတ်ထုတ်ပေးခြင်း၊ သွင်းကုန်လိုင်စင်လျှောက်ထားရန်အတွက် ထောက်ခံချက်လက်မှတ် ၃၈၇၃ ခု၊ ပြည်တွင်းသို့ တင်သွင်းလာတဲ့ အစားအသောက်အတွက် ထောက်ခံချက်လက်မှတ် ၃၀၀၊ ပြည်ပသို့ တင်ပို့သော အစားအသောက်များအတွက် ထောက်ခံချက်လက်မှတ် ၁၉၇ ခုနှင့် ဈေးကွက်နမူနာစုစုပေါင်း ၉၉၉ ခု တို့ကို စစ်ဆေးဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်အတွင်းမှာ နိုင်ငံပိုင်သတင်းစာများ၌ အစားအသောက်အန္တရာယ်ကင်းရှင်းရေးအတွက် အများပြည်သူသိရှိရန် ကြေညာပေးခြင်း ၂ ကြိမ် ဆောင်ရွက်ခဲ့ပြီးတော့ ငရုတ်သီးမှုန့်၊ အရောင်တင်မှုန့်၊ နနွင်းမှုန့်၊ စုစုပေါင်း ၂၂ မျိုးနှင့် ရှမ်းပြည်နယ်သို့ တစ်ဖက်နိုင်ငံမှ တရားမဝင်ဝင်ရောက်လာတဲ့ စားသုံးဆီများကို စားသုံးရန် မသင့်ကြောင်းကြေညာခဲ့ပါတယ်။ ဆေးဝါးဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဆေးဝါးအတု၊ ရောနှောဆေးဝါးနှင့် မှတ်ပုံတင်မဲ့ဆေးဝါးတို့အတွက် ကြေညာခြင်း ၄ ကြိမ်ဆောင်ရွက်ခဲ့ပြီး စုစုပေါင်းအမယ် ၇ မျိုးအား ဖြန့်ဖြူးရောင်းချခွင့် မရှိကြောင်းအသိပေးကြေညာနိုင်ခဲ့ပါတယ်။ သို့ရာတွင် ကျန်းမာရေးဦးစီးဌာန အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာနမှာ ခွင့်ပြုဖွဲ့စည်းပုံ ဝန်ထမ်းအင်အား ၁၁၄ ဦးသာ ရှိတဲ့ အတွက် မြန်မာနိုင်ငံမှာရှိတဲ့ လူဦးရေ သန်း ၆၀ ကို အစားအသောက်နှင့် ဆေးဝါးများ ဘေးအန္တရာယ်ကင်းရှင်းရေး ကာကွယ်ပေးနိုင်ရန် လက်ရှိဝန်ထမ်းဦးရေနှင့် အလုံအလောက်ပြီးပြည့်စုံအောင် ဆောင်ရွက်မှုအားနည်းလျက်ရှိတဲ့အတွက် အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနကို သီးခြားဌာနကြီးတစ်ခုအဖြစ် ဝန်ထမ်းအင်အား ၆၀၀ ကျော်နှင့် ဦးစီးဌာန အဆင့်တိုးမြှင့်ပြီး တိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းနှင့်ဖွဲ့စည်းပုံစစ်ဆေးရေးအဖွဲ့နှင့်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီဦးစီးဌာနကြီးတစ်ခုဖြစ်သွားပြီးရင်တော့ မြန်မာပြည်အနှံ့မှာ ဒီလုပ်ငန်းတွေကိုပိုမိုပြီးတော့ အင်အားဖြည့်ဆောင်ရွက်နိုင်မှာ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

နယ်စပ်ဒေသများမှ တင်သွင်းသော စားသောက်ကုန်ပစ္စည်းများအား စားသုံးရန်သင့်၊ မသင့် စစ်ဆေးထောက်ခံပေးနိုင်ရန် နှီးနွယ်ဝန်ကြီးဌာနများနှင့်ညှိနှိုင်းပြီး နယ်စပ်ကုန်သွယ်ရေးစခန်းများမှာ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာနရုံးခွဲများဖွင့်လှစ်ပေးခဲ့ရာ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှာ မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်တွင်လည်းကောင်း၊ စက်တင်ဘာလ ၁၇ ရက်နေ့မှာ မြဝတီကုန်သွယ်ရေးဇုန်၌လည်းကောင်း ဖွင့်လှစ်ပြီးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျန်နယ်စပ်ကုန်သွယ်ရေးစခန်းများတွင် ဆက်လက်ဖွင့်လှစ်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာနရဲ့ လုပ်ငန်းဆောင်ရွက်မှုဘောင်အတွင်းမှာ ဆေးဝါးများကိုပုံမှန်နမူနာကောက်ယူ၍ စစ်ဆေးခြင်းနှင့် အများပြည်သူသိရှိရန် ကြေညာပေးခြင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီများသို့ အရေးယူဆောင်ရွက်နိုင်ရန် ညွှန်ကြားခြင်း၊ ဆေးဆိုင်များသို့ ပုံမှန်သို့မဟုတ် ရှောင်တခင် ကွင်းဆင်းစစ်ဆေးအကြံပြုဆောင်ရွက်ခြင်းများ ဆောင်ရွက်လျက်ရှိရာမှာ တရားမဝင်ဆေးဝါးများနှင့်ပတ်သက်၍ အမျိုးသားဆေးဝါးဥပဒေအရ တရားစွဲဆိုအရေးယူခဲ့သည့်အမှုပေါင်းမှာ ၂၀၁၁ ခုနှစ်အတွင်း ၃၈ မှု၊ ၂၀၁၂ ခုနှစ်အတွင်း ၁၁ မှု ဆောင်ရွက်ခဲ့နိုင်ပါတယ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် စားသောက်ကုန်ပစ္စည်းများ တင်ပို့တင်သွင်းရာတွင် ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာနရဲ့ စိစစ်ထောက်ခံချက်ပါရှိမှသာ ခွင့်ပြုပေးလျက်ရှိခြင်း၊ ပြည်ပမှဆေးဝါးများတင်သွင်းခြင်းကို မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်မှ ထုတ်ပေးသည့် ဆေးဝါးတင်သွင်းခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ် Drug Registration Certificate) များ တင်ပြ နိုင်မှသာလျှင် တင်သွင်းခွင့်လိုင်စင် ခွင့်ပြုလျက်ရှိပါတယ်။

မြန်မာနိုင်ငံတွင် အရည်အသွေးမပြည့်မီဘဲ ဘေးဖြစ်စေနိုင်သော အစားအသောက်နှင့် ဆေးဝါးများကြောင့် အန္တရာယ်ကျရောက်ခြင်းမှ ကာကွယ်ရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် စားသုံးသူကာကွယ်ရေးဥပဒေကို ရေးဆွဲပြုစုပြီး အဆိုပါဥပဒေမူကြမ်းအား အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပြီး ပြည်သူလူထုဘာသာရပ်ဆိုင်ရာ ပြည်တွင်း/ပြည်ပကျွမ်းကျင်သူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များထံမှ အကြံပြုချက်များရယူ၍ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ ဒုတိယမူကြမ်းကို ပြုစုခဲ့ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့၍ အကြံပြုချက်များ တောင်းခံထားဆဲ ဖြစ်ပါတယ်။ နယ်စပ်ဒေသများမှ တစ်ဆင့် တရားမဝင်စားသုံးကုန်များအပါအဝင် တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်မှုမရှိစေရေးအတွက် စားသုံးသူအကာအကွယ်ပေးရေးနှင့် တရားမဝင်

ကုန်ပစ္စည်းများ တားဆီးထိန်းချုပ်ရန် ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလမှစ၍ လှုပ်ရှားရှာဖွေတားဆီးရေးအဖွဲ့၊ Bobile team များကို ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ သတင်းမီဒီယာများနှင့် ဖွဲ့စည်း၍ မူဆယ်-မန္တလေး နှင့် မြဝတီ-ရန်ကုန် ကုန်သွယ်လမ်းကြောင်းများတွင် လည်းကောင်း၊ နယ်စပ်ကုန်သွယ်ရေးစခန်းများ တွင်လည်းကောင်း စစ်ဆေးတားဆီးဆောင်ရွက်လျက်ရှိပါတယ်။ စစ်ဆေးဖမ်းဆီးရမိတဲ့ပစ္စည်းများ အား အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာန၏ စိစစ်ချက်အရ စားသုံးရန်သင့်ပါက လိုင်စင် လျှောက်ထား၍ ပြန်လည်ထုတ်ပေးခြင်း၊ စားသုံးရန်မသင့်သည့်ပစ္စည်းများတွေ့ပါက သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများရှေ့တွင် မီးရှို့ဖျက်ဆီးခြင်း၊ ပညာပေးကာလကျော်လွန်သည့် ၂၀၁၃ ဇန်နဝါရီလ မှစ၍ တရားမဝင်ပစ္စည်းဖမ်းဆီးရရှိမှုများအား ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနသည် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဝင်ပေါက်များဖြစ်သည့် ပင်လယ်ရေကြောင်းနှင့် လေကြောင်းတို့မှ ဝင်ရောက်လာသော သွင်းကုန်ပစ္စည်းများအနက် ပြည်သူလူထုကို အန္တရာယ်ဖြစ်စေနိုင်သည့် စားသောက်ကုန်နှင့် အိမ်သုံး ဆေးဝါးတင်သွင်းမှုများကို ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာန၏ ထောက်ခံချက်၊ ဆေးဝါးမှတ်ပုံတင်လက်မှတ် (DRC) များနှင့် ကိုက်ညီမှုရှိ၊ မရှိ စိစစ်ပြီးမှသာ ခွင့်ပြုပေး လျက်ရှိပါတယ်။ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသော အထောက်အထားပြည့်စုံစွာ တင်ပြနိုင်မှု မရှိသော စားသောက်ကုန်နှင့် အိမ်သုံးဆေးဝါးများကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ တားဆီးဖမ်းဆီးခြင်းနှင့် စနစ်တကျဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ရန်ကုန်လေဆိပ် နှင့် ရေဆိပ်မှ တင်သွင်းလာတဲ့ သွင်းကုန်များနှင့် ပြည်သူလူထုအန္တရာယ်ဖြစ်စေနိုင်တဲ့ စားသောက်ကုန် နှင့်ပစ္စည်းများကို ၂၀၁၀-၂၀၁၁ ခု ဘဏ္ဍာရေးနှစ်အတွင်း ဖမ်းဆီးမှု ၁၅၇ မှု၊ ဖျက်ဆီးမှု ၆ ကြိမ်၊ ၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာရေးနှစ်တွင် ဖမ်းဆီးမှု ၃၃၁ မှု၊ ဖျက်ဆီးမှု ၄ ကြိမ် ပြုလုပ်နိုင်ခဲ့ပါတယ်။ နယ်စပ်ဒေသအသီးသီးရှိ OSS One Stop Center ကုန်သွယ်ရေးစခန်းများမှ တင်သွင်းလာသည့် စားသောက်ကုန်များနှင့် အိမ်သုံးဆေးဝါးများကို အလားတူစစ်ဆေး ဆောင်ရွက်လျက်ရှိပါတယ်။ နယ်စပ်ဝင်ပေါက်အသီးသီးမှ စစ်ဆေးရေးစခန်းများအား ရှောင်ကွင်း၍ တရားမဝင်မှောင်ခို တင်သွင်း လာသည့် စားသောက်ကုန်နှင့် အိမ်သုံးဆေးဝါးများကို နယ်စပ်ဒေသအသီးသီးနှင့် ကုန်သွယ်မှု လမ်းကြောင်းများတစ်လျှောက်ရှိ မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး ဝန်ထမ်းများမှ ရှာဖွေဖော်ထုတ် ဖမ်းဆီးသိမ်းဆည်းခြင်း၊ ဖျက်ဆီးခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအောက်ရှိ မြို့နယ်အကောက်ခွန်ဦးစီးဌာနမှုူးအသီးသီးမှ ပြည်သူလူထုအန္တရာယ်ဖြစ်စေနိုင်တဲ့ စားသောက်ကုန်နှင့်ဆေးဝါးများ ဖျက်ဆီးဆောင်ရွက်ခဲ့မှုအနေဖြင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဖမ်းဆီးမှု ၁၅၉ မှု၊ ဖျက်ဆီးမှု ၄၄ ကြိမ်၊ ၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာရေးနှစ်တွင် ဖမ်းဆီးမှု ၁၁၁ မှု၊ ဖျက်ဆီးမှု ၂၄ ကြိမ်နှင့် ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ်တွင် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလအထိ ဖမ်းဆီးမှု ၈၈ မှု၊ ဖျက်ဆီးမှု ၁၁ ကြိမ်ရှိခဲ့ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထုအား အန္တရာယ်ဖြစ်စေနိုင်သော စားသောက်ကုန်နှင့် ဆေးဝါးပစ္စည်းများ လျော့နည်းပပျောက်စေရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးကော်မတီများ ဆက်စပ်လျက်ရှိသော အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စစ်ဆေးဖော်ထုတ်နိုင်ရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်တင်ပြဖြေရှင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်အပ်ပါတယ်။ (သြဘာသံများ)

**တစ်ဖက်နိုင်ငံတွင်တရားဝင်ဆေးကုသရင်း သေဆုံးသူ၏သက်မဲ့ရုပ်ခန္ဓာအား မိမိနိုင်ငံအတွင်းသို့ လွယ်ကူစွာပြန်လည်သယ်ယူနိုင်ရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းသိန်းအောင်(တာချီလိတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ တာချီလိတ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးစိုင်းသိန်းအောင်မှ မင်္ဂလာပါလို့နှုတ်ခွန်းဆက်သအပ်ပါတယ်။ အခု ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ တာချီလိတ်မှာနေထိုင်ကြတဲ့ ဒေသခံတိုင်းရင်းသားလူထုတွေအားလုံးက ကျန်းမာရေးနှင့်ပတ်သက်ပြီး တစ်ဖက်သောနိုင်ငံကိုသွားပြီးတော့ ဆေးဝါးကုသကြပါတယ်။ အဲ့လိုဆေးဝါးကုသတဲ့အချိန်တွင် သေဆုံးသွားတဲ့အချိန်မှာ သေဆုံးသွားတဲ့သက်မဲ့ရုပ်ခန္ဓာတွေကို မိမိနိုင်ငံကိုပြန်လည်သယ်ယူလာချင်ကြပါတယ်။ အဲ့လို သယ်ယူလာတဲ့အချိန်မှာ တာချီလိတ်မှာဖြစ်တဲ့ပြဿနာလေးတစ်ခုက သယ်ဆောင်လာဖို့သက်ဆိုင်ရာတွေနဲ့သွားပြီးတော့ သူတို့ညှိနှိုင်းပါတယ်။ ညှိနှိုင်းပြီးတော့ တရားမဝင်လို့ယူဆရတဲ့ငွေကြေးတွေပေးဆောင်ရပါတယ်။ ပေးဆောင်ပြီးသယ်ယူလာတဲ့အချိန်မှာ မယ်ဆိုင်ချောင်းကိုဖြတ်တဲ့အချိန်မှာ အလောင်းရော၊ အခေါင်းပါရေထဲမျောပါသွားတယ်။ ရေထဲမျောပါသွားတဲ့အချိန်ကျတော့ ကာယကံရှင်က အလောင်းမရလာဘူးဆိုပြီးတော့ သက်ဆိုင်ရာ

ဆီကိုပြန်ပြီးတော့ ပိုက်ဆံပြန်တောင်းတယ်။ အဲ့ဒါမပေးဘူး။ ပြန်မပေးဘူး။ အဲ့လိုပြဿနာတွေလည်း ရှိခဲ့ဖူးပါတယ်။ တချို့တွေကျတော့ ဒီသေဆုံးသူရဲ့သက်မဲ့ရုပ်ခန္ဓာကို ပုလင်းကြီးချိတ်ပြီးတော့ လူနာပုံစံ လိုမျိုး ချစ်ကြည်ရေးတံတားပေါ်တင်လာတယ်။ အဲ့လိုနဲ့ဖြတ်ကြတာလည်းရှိပါတယ်။ အဲ့လိုမျိုး ဖြတ်ကြတဲ့အချိန် ဒေသခံတွေကလည်းပြောကြပါတယ်။ သူတို့ကတော်တော် တော်တယ်တဲ့လူတွေပဲတဲ့။ ဒီသေဆုံးတဲ့လူကို လူနာပုံစံဖြစ်အောင်သရုပ်ဆောင်နိုင်တယ်။ အဲ့လိုလည်းပြောတဲ့လူတွေလည်းရှိပါ တယ်။ အဲ့ဒါကြောင့်မို့လို့ ဒီ တာချီလိတ်မှာမကဘဲ ဒီနယ်စပ်ဒေသမှာအားလုံး တစ်ဖက်နိုင်ငံကို ဆေးဝါးကုသပြီး သေဆုံးသူတွေရဲ့သက်မဲ့ရုပ်ခန္ဓာတွေကို မိမိနိုင်ငံကိုပြန်သယ်လာဖို့ တစ်ဖက်နိုင်ငံကို တရားဝင်ဆေးကုသရင်း သေဆုံးသူများနှင့် အကြောင်းအမျိုးမျိုးကြောင့်သေဆုံးသောသူများကို မိမိနိုင်ငံအတွင်းသို့ လွယ်ကူစွာပြန်လည်သယ်ယူလာနိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ တစ်ဖက်နိုင်ငံနဲ့ တရားဝင်ညှိနှိုင်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိသိရှိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဇင်ယော်(ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ တာချီလိတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသိန်းအောင်မှ တစ်ဖက်နိုင်ငံတွင် တရားဝင်ဆေးကုသရင်း သေဆုံးခဲ့သူ၏သက်မဲ့ရုပ်ခန္ဓာအား မိမိနိုင်ငံအတွင်းသို့ လွယ်ကူစွာပြန်လည်သယ်ယူနိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ တစ်ဖက်နိုင်ငံနှင့် တရားဝင် ညှိနှိုင်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိသိလိုပါကြောင်းမေးခွန်းကို ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပြည်ပတွင်အကြောင်းအမျိုးမျိုးကြောင့်ရောက်ရှိနေကြသော မြန်မာနိုင်ငံသားများနှင့် ၎င်းတို့အားမှီခိုနေထိုင်ကြသော မိသားစုဝင်များ၏အကျိုးစီးပွားအား သက်ဆိုင်ရာနိုင်ငံ၏ဥပဒေ ပြဋ္ဌာန်းချက်ဘောင်အတွင်းမှ ကာကွယ်စောင့်ရှောက်ရန် နိုင်ငံတော်ကအပ်နှင်းထားသည့်တာဝန်အား အကောင်အထည်ဖော်ရာတွင်လည်းကောင်း၊ ကောင်စစ်ရေးရာလုပ်ငန်းတာဝန်များကိုထမ်းဆောင်ရာ တွင် အရေးကြီးတာဝန်တစ်ရပ်အဖြစ် မိမိနိုင်ငံသားများ၏အကျိုးစီးပွားအား ဥပဒေနှင့်အညီကာကွယ်

စောင့်ရှောက်မှုပေးရန်လည်းကောင်း၊ ပြည်ပနိုင်ငံများတွင် ဖွင့်လှစ်ထားသည့်မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများက အပြည့်အဝအကူအညီများပေးနေလျက်ရှိနေပါတယ်။ ကမ္ဘာ့နိုင်ငံများကထမ်းဆောင်ရမည့် ကောင်စစ်ရေးရာလုပ်ငန်းတာဝန်များကို ကောင်စစ်ဆက်ဆံရေးဆိုင်ရာဗီယင်နာကွန်ဗင်းရှင်း (Venna Convention on Consular Relation)က သတ်မှတ်ပြဋ္ဌာန်းထားပြီး ယင်းကွန်ဗင်းရှင်းအား အပြည်ပြည်ဆိုင်ရာဥပဒေတစ်ရပ်အဖြစ်နိုင်ငံအားလုံးက တညီတညွတ်တည်းလက်ခံကျင့်သုံးခဲ့ကြပါတယ်။ မြန်မာနိုင်ငံသည်လည်း ကွန်ဗင်းရှင်းဝင်နိုင်ငံဖြစ်ခြင်းကြောင့် ကောင်စစ်ရေးရာလုပ်ငန်းတာဝန်များကိုထမ်းဆောင်ရာတွင် မိမိနိုင်ငံသားများ၏အကျိုးစီးပွားအတွက် ကာကွယ်စောင့်ရှောက်မှုကိုပါ အရေးကြီးတာဝန်အဖြစ်ရှေးကာလများစွာကပင်တာဝန်ထမ်းဆောင်ခဲ့ကြပါတယ်။

သို့ဖြစ်ပါ၍ ပြည်ပနိုင်ငံများသို့တရားဝင်သွားရောက်ဆေးကုသမှုခံယူရာမှ ကွယ်လွန်ခဲ့ရသူများ၏ကြွင်းကျန်သည့်ရုပ်အလောင်းအား မိမိနိုင်ငံအတွင်းသို့ ပြန်လည်သယ်ဆောင်လိုသောကိစ္စရပ်များတွင် ကျန်ရစ်သူမိသားစုများကအကူအညီတောင်းခံခဲ့ပါက လွယ်ကူအဆင်ပြေစေရန်အတွက် ပြည်ပနိုင်ငံနှင့် တရားဝင်ညှိနှိုင်းဆောင်ရွက်ပေးရသည့်လုပ်ငန်းအား အရေးကြီးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး ပြည်ပရှိမြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများက ချက်ချင်း ကူညီဆောင်ရွက်ပေးကြပါတယ်။ အထူးသဖြင့် ရုပ်အလောင်းအား ပြန်လည်ယူဆောင်နိုင်ရေးအတွက် နိုင်ငံအများစုတို့က သတ်မှတ်ထားသည့် လေကြောင်းလိုင်းဆိုင်ရာလုပ်ထုံးလုပ်နည်းအရ လိုအပ်ချက်လည်းကောင်း၊ အခြားလိုအပ်ချက်များလည်းကောင်း၊ ယင်းနိုင်ငံများ၏တည်ဆဲဥပဒေနှင့်အညီ သတ်မှတ်ထားသည့်စာရွက်စာတမ်း၊ ထောက်ခံစာများကိုလည်းကောင်း တောင်းခံလေ့ရှိကြပြီး ဤလိုအပ်ချက်များကို မိမိတို့သံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများက ချက်ချင်းထုတ်ပေးကြပါတယ်။ အဲ့ဒီလို ကူညီဆောင်ရွက်နေတာဟာလည်း လွန်ခဲ့တဲ့အချိန်ကာလ များစွာကပင်ဖြစ်ပြီး သံရုံး၊ အဖွဲ့ရုံးများအတွက် အစဉ်အလာအရကူညီဆောင်ရွက်ပေးနိုင်သည့် လုပ်ငန်းတစ်ရပ်လို့ဆိုနိုင်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအပိုင်းအနေနဲ့ကတော့ မြန်မာနိုင်ငံသို့ ရုပ်အလောင်းရောက်ရှိလာသည့်အခါမှသာ ဆောင်ရွက်ရန်ရှိကြောင်း၊ ပြည်ပတွင်ကွယ်လွန်ခဲ့သည့် ရုပ်အလောင်းအားလွယ်ကူစွာသင်္ဂြိုဟ်နိုင်ရေးအတွက် သေဆုံးရသည့်အကြောင်းအရင်းမှန်၊ မမှန်ကိုသာ မှုခင်းဆရာဝန်ရှိသည့်ဆေးရုံကြီးများတွင် အဆိုပါမှုခင်းဆရာဝန်ကစစ်ဆေးအတည်ပြုရကြောင်း၊ မှုခင်းဆရာဝန်မရှိပါက သက်ဆိုင်ရာဆေးရုံရှိ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးက စစ်ဆေးအတည်ပြုရပါကြောင်း၊

၎င်းသို့စစ်ဆေးအတည်ပြုပြီးလျှင် သင်္ဂြိုဟ်ရန်အတွက် လက်မှတ်ထုတ်ပေးရပါကြောင်း၊ ခရိုင်ဆေးရုံများတွင်မူ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး၏ တာဝန်ခံမှုနှင့် ထပ်ဆင့် တာဝန်လွှဲအပ်သောသူက စစ်ဆေးပြီး သင်္ဂြိုဟ်လက်မှတ်ထုတ်ပေးရပါကြောင်း ကျန်းမာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီးဖြေကြားအပ်ပါတယ်။

ဖြည့်စွက်ဖြေကြားလိုသည့်အချက်မှာတော့ အခြေအနေအရပ်ရပ်ကြောင့်သေဆုံးသွားခဲ့သော မြန်မာနိုင်ငံသားရုပ်အလောင်းကို ပြန်လည်ယူဆောင်နိုင်ခြင်းမရှိတဲ့အတွက် အကူအညီတောင်းခံလာတဲ့အခါမှာ လိုအပ်တဲ့စာရွက်စာတမ်းများထုတ်ပေးခြင်း၊ မိသားစုဆန္ဒအရ သရဏဂုံတင်လိုပါက သံယာတော်များပင့်လျှောက်ပေးခြင်း၊ မိသားစုဝင်များမရှိပါက မီးသင်္ဂြိုဟ်ပေးခြင်း၊ ကြွင်းကျန်သောအရိုးပြာများအား မိမိနိုင်ငံသို့ပြန်လည်ယူဆောင်လိုသည်ဆိုပါက ယူဆောင်သွားနိုင်ရန်ကူညီပေးခြင်း၊ ရေမျှောလိုသည်ဆိုပါက ကူညီ၍မျှောပေးခြင်းများအထိ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ရုံးများက ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ရှမ်းပြည်နယ်မြောက်ပိုင်း အပါအဝင် တစ်နိုင်ငံလုံးမှ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားနေမှုများ နှိမ်နင်းပပျောက်ရေးနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ သီပေါမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းဝယ်သုံးစွဲမှုနှိမ်နင်းရေးနဲ့ပတ်သက်တဲ့ မေးခွန်းကိုမေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုမူးယစ်ဆေးဝါးနှိမ်နင်းရေးနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့နိုင်ငံမှာ အခြေအနေဘယ်လောက်ဆိုးနေသလဲဆိုတာကို သိရှိနိုင်ဖို့အတွက် အဖြစ်အပျက်ကလေး ၂ ခု၊ ၃ ခု လောက်ကို ကျွန်တော်တင်ပြလိုပါတယ်။ ပြီးခဲ့တဲ့ လပိုင်းအတွင်းက သီပေါမြို့နယ် နမ့်လန်ကျေးရွာရှိ ခလရ (၂၄၃) တပ်ရင်း၏ လက်နက်ဂိုဒေါင်မှ လက်နက်ခဲယမ်းမီးကျောက်များ ထော်လာဂျီတစ်စီးတိုက်စာမျှ ဖောက်ထွင်းခိုးယူခြင်းခံရသည်ဟု ကြားသိရပါတယ်။ အဆိုပါ ဖောက်ထွင်းခိုးယူသူကို ဖမ်းဆီးရမိသော်လည်း နောက်ပိုင်းတွင် ထွက်ပြေးလွတ်မြောက်သွားသူမှာ တပ်ရင်း(၂၄၃)မှ တပ်ကြပ်ကြီး တင်စိုးဆိုသူဖြစ်ပြီး မူးယစ်ဆေးစွဲနေသူတစ်ဦးဖြစ်ကြောင်းလည်း သိရပါတယ်။ ၎င်းတို့သုံးစွဲတဲ့ စိတ်ကြွမူးယစ်

ဆေးဝါးများကို နမ့်လန်ကျေးရွာအတွင်းတွင်ပင် ချက်လုပ်နေသည်ဟုသိရပြီး အဆိုပါ ထုတ်လုပ်ရောင်းချသူမှာ ယခုအခါ ထွက်ပြေးသွားပြီဟုဆိုပါတယ်။ လွန်ခဲ့တဲ့ လပိုင်းအတွင်းကလည်း သီပေါမြို့လယ်လမ်းပေါ်မှာ မူးယစ်ဆေးစွဲသူတစ်ဦးမောင်းနှင်တဲ့ ကာစတန်တောင်းအေ့စ် ယာဉ်တစ်စီးက လူ ၇ ဦးကိုတစ်ဆက်တည်းတိုက်ခိုက်ထွက်ပြေးကာ ချောက်ထဲကျတိမ်မှောက်မှုဖြစ်ပွားသဖြင့် ကျောင်းသားလေး ၂ ဦးအပါအဝင် လူ ၃ ဦး သေဆုံးကာ ၄ ဦးဒဏ်ရာရခဲ့ပါတယ်။ ပြည်သူများရဲ့ တိုင်တန်းသတင်းပေးပို့ချက်အရ သိရှိရတာကတော့ သီပေါမြို့ ရဲစခန်းရဲ့မြောက်ဘက် ကျောင်းစုကျေးရွာနှင့် နားဖုံကျေးရွာအကြား ဘုရားကြို့ဘုရားကြားများတွင် မူးယစ်ဆေးဝါးများကို ရောင်းဝယ်ဖောက်ကားသုံးစွဲနေကြသည်မှာ ပွဲခင်းတမျှစည်ကားလှတယ်လို့ ဆိုပါတယ်။ မူးယစ်ဆေးဝါးကိစ္စကိုနှိမ်နင်းဖို့ လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့ တိုင်ပင်ပြီး ဖမ်းဆီးမှုများကို ပြုလုပ်ခဲ့သော်လည်း ငြိမ်သက်မသွားဘဲ အရောင်းအဝယ်မပျက် ဆက်လက်ရှိနေကြောင်း ပြည်သူလူထုက သတင်းပေးလာကြပါတယ်။ မြို့နယ်ရဲတပ်ဖွဲ့အနေနဲ့လည်း မူးယစ်ဆေးဝါးချက်လုပ်ပြီး လက်ကားရောင်းချနေသူများမှာ တောတွင်း လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပတ်သက်ဆက်စပ်နေသူများဖြစ်ကြောင်း တွေ့ရှိရသဖြင့် မူးယစ် ဆေးဝါးရောင်းဝယ်ဖောက်ကားသုံးစွဲမှုပပျောက်ရေးကိစ္စမှာ ၎င်းတို့ ရဲတပ်ဖွဲ့တစ်ဖွဲ့တည်းဖြင့် မနိုင်နင်းတော့ကြောင့် ပြည်သူလူထုအား ဝန်ခံအသိပေးထားပြီးဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီကိစ္စဟာ ငြိမ်းချမ်းရေးရယူထားတဲ့ အဖွဲ့အစည်းများနှင့်လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့်လည်းကောင်း တိုင်ပင်ပြီး ဝိုင်းဝန်းနှိမ်နင်းကြမှသာ အောင်မြင်လိမ့်မယ်လို့ယူဆမိပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာ မူးယစ်ဆေးဝါးသုံးစွဲသူများကို ဖမ်းဆီးအရေးယူပြီး ပြန်လည်ပြုပြင်ရေးစခန်းများတွင် ဆေးဖြတ်တောက်ရန် စီမံဆောင်ရွက်ခြင်း၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသော ကုန်ကြမ်းပစ္စည်းများကို အိမ်နီးချင်းနိုင်ငံများမှ ဝင်ရောက်မလာနိုင်စေရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဘိန်းစိုက်ပျိုးမှုပပျောက်စေရန်စီမံဆောင်ရွက်ခြင်း၊ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုများ ဖော်ထုတ်အရေးယူရာမှာ ပြည်သူလူထုကပါ ပူးပေါင်းပါဝင်လာစေရေးအတွက် လူထုလှုပ်ရှားမှုများ ပြုလုပ်ပြီး ဆုပေးဒဏ်ပေးစနစ်များပေါင်းစပ်ကျင့်သုံးသင့်တယ်လို့ ယူဆမိပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော်တို့ ရှမ်းပြည်နယ်မြောက်ပိုင်းအပါအဝင် တစ်နိုင်ငံလုံးမှ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုနေမှုများ နှိမ်နင်းပပျောက်ရေးကိစ္စ မည်သို့စီမံဆောင်ရွက်ထားသည်ကို ပြည်သူလူထုကြီးကပါသိရှိပူးပေါင်းဆောင်ရွက်နိုင်စေရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနက လွှတ်တော်အတွင်းမှ တစ်ဆင့် လာရောက်ဖြေကြားပေးပါရန်မေးမြန်းအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ရဲချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ယခု ရှမ်းပြည်နယ်၊ သီပေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းရဲ့ မေးခွန်းနဲ့စပ်လျဉ်းလို့ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ရဲချုပ်ကျော်ကျော်ထွန်းမှ ဖြေကြားသွားမှာဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအနေနဲ့ မြန်မာနိုင်ငံမှာ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် မဟာဗျူဟာ ၂ ရပ်ကို ချမှတ်ပြီး နည်းဗျူဟာ ၃ ရပ်နှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံကိန်းကို ၁၉၉၉-၂၀၀၀ ခုနှစ်မှ စတင်ဆောင်ရွက်ပြီး ၂၀၁၃-၂၀၁၄ ခုနှစ်အထိ ၅ နှစ်စီ ၃ ပိုင်းခွဲ ဆောင်ရွက်ခဲ့ရာမှာ ၂၀၁၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့မှာ စီမံကိန်းကာလကုန်ဆုံးမှာဖြစ်ပါတယ်။ ၁၅ နှစ်စီမံကိန်းဆောင်ရွက်ရာမှာ ပထမ ၅ နှစ်စီမံကိန်းကို ရှမ်းပြည်နယ်မှာ ၂၂ မြို့နယ်၊ ဒုတိယ ၅ နှစ်စီမံကိန်းကို ရှမ်းပြည်နယ်နဲ့ ကချင်ပြည်နယ်တို့မှာ ၂၀ မြို့နယ်နဲ့ တတိယ ၅ နှစ်စီမံကိန်းကို ရှမ်းပြည်နယ်နဲ့ ကယားပြည်နယ်တို့မှာ ၉ မြို့နယ်၊ စုစုပေါင်း ၅၁ မြို့နယ်မှာ ဆောင်ရွက်ခဲ့ပါတယ်။

၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ မူးယစ်ဗဟိုအဖွဲ့ အစည်းအဝေး (၂/၂၀၁၂) မှ မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံကိန်းကို နောက်ထပ် ၅ နှစ်တိုးမြှင့်ပြီး ၂၀၁၄-၂၀၁၅ မှ ၂၀၁၈-၂၀၁၉ အထိ အကောင်အထည်ဖော်ဆောင်ရွက်ဖို့ ဆုံးဖြတ်ချက်များ ချမှတ်ပြီးတော့ စီမံကိန်းလုပ်ငန်းများကို ပိုမိုမြန်ဆန်ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ဖို့အတွက် မူးယစ်ဗဟိုအဖွဲ့အောက်မှာ တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့၊ အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေးအဖွဲ့၊ သီးနှံအစားထိုးစိုက်ပျိုးရေးအဖွဲ့၊ မွေးမြူရေးအဖွဲ့၊ ဆေးကုသရေးအဖွဲ့၊ ပြန်လည်ထူထောင်ရေးအဖွဲ့၊ ကျောင်းသားလူငယ်များအား အသိပညာပေးရေးအဖွဲ့၊ ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးအဖွဲ့၊ နိုင်ငံတကာဆက်ဆံရေးအဖွဲ့နှင့် ထိန်းချုပ်ဓာတုပစ္စည်းများ ကြီးကြပ်ရေးအဖွဲ့ ဆိုပြီး တူညီတဲ့ကဏ္ဍအလိုက် ပေါင်းစပ်ပြီးတော့ လုပ်ငန်းအဖွဲ့ ၁၀ ဖွဲ့နဲ့ ဆောင်ရွက်လျက်ရှိ ပါတယ်။

ရှမ်းပြည်နယ်မြောက်ပိုင်းမှာ လားရှိုးမူးယစ်(အထူး) အဖွဲ့၊ မူဆယ်မူးယစ်(အထူး) အဖွဲ့၊ ကွမ်းလုံ မူးယစ်(အထူး)အဖွဲ့နဲ့ တန့်ယန်းမူးယစ်(အထူး) အဖွဲ့များ ဖွဲ့စည်းထားရှိပြီး ၂၀၁၁ ခုနှစ်အတွင်းမှာ မူးယစ်အမှုပေါင်း ၆၃၆ မှုနဲ့ တရားခံ(ကျား) ၇၀၉ ဦး၊ (မ) ၁၆၉ ဦး၊ စုစုပေါင်း ၈၇၈ ဦး၊ ၂၀၁၂ ခုနှစ် အတွင်းမှာ မူးယစ်အမှုပေါင်း ၉၁၅ မှုနဲ့ တရားခံ (ကျား) ၉၉၆ ဦး၊ (မ) ၁၈၀ ဦး၊ စုစုပေါင်း ၁၁၇၆ ဦး ဖမ်းဆီးအရေးယူဆောင်ရွက်ခဲ့ပါတယ်။ စိတ်ကြွရူးသွပ်ဆေးပြားသိမ်းဆည်းရမိမှုအနေနဲ့ ၂၀၁၁ ခုနှစ် အတွင်းမှာ အမှုပေါင်း ၂၁၂ မှုမှာ ဆေးပြားပေါင်း ၄၁၀၀၇၄၈ ပြားနဲ့ ၂၀၁၂ ခုနှစ်အတွင်းမှာ အမှုပေါင်း ၂၉၆ မှုပါဝင်ပြီး ဆေးပြားပေါင်း ၁၉၀၁၉၃၂ ပြားတို့ကို သိမ်းဆည်းအရေးယူနိုင်ခဲ့ပါ တယ်။

သီပေါမြို့နယ်အတွင်းမှာပဲ ၂၀၁၁ ခုနှစ်မှာ မူးယစ်ဆေးဝါးအမှုပေါင်း ၂၈ မှု၊ တရားခံ(ကျား) ၃၅ ဦးနှင့် (မ) ၇ ဦး၊ စုစုပေါင်း ၄၂ ဦး၊ ၂၀၁၂ ခုနှစ်အတွင်းမှာ မူးယစ်ဆေးဝါးအမှုပေါင်း ၆၄ မှု၊ တရားခံ (ကျား) ၆၉ ဦး၊ (မ) ၁၀ ဦး၊ စုစုပေါင်း ၇၉ ဦးဖမ်းဆီးအရေးယူဆောင်ရွက်ခဲ့ပါတယ်။ မေးခွန်းမှာပါတဲ့ ဖြစ်စဉ်များနဲ့ပတ်သက်လို့ စိစစ်တဲ့အခါမှာ ရှမ်းပြည်နယ်မြောက်ပိုင်း၊ သီပေါမြို့နယ်၊ အမှတ်(၂၄၃) ခြေလျင်တပ်ရင်းရဲ့ လက်နက်ဂိုဒေါင်မှ လက်နက်ခဲယမ်းမီးကျောက်များ ဖောက်ထွင်း ခိုးယူခံရခြင်း ဖြစ်စဉ်နဲ့ပတ်သက်လို့ ဖြစ်စဉ်အမှန်က စုံစမ်းစစ်ဆေးရေးခုံရုံးဖွဲ့စည်း စစ်ဆေးချက်အရ တပ်ကြပ်ကြီးတင်စိုးမှာ လောင်းကစားမှုပြုလုပ်ကြောင်းသာ စုံစမ်းသိရှိခဲ့ရပြီး မူးယစ်ဆေးဝါးသုံးစွဲခြင်း နှင့် ပတ်သက်လို့ စစ်ဆေးပေါ်ပေါက်ခြင်းမရှိကြောင်းနဲ့ နမ့်လန်ရဲစခန်းမှာရှိတဲ့ မှတ်တမ်းများအရ မူးယစ်ဆေးဝါးသုံးစွဲသူအဖြစ် မှတ်တမ်းတင်ခြင်းမရှိကြောင်း၊ သီပေါမြို့ပေါ်မှာ မူးယစ်ဆေးစွဲသူတစ်ဦး မောင်းနှင်တဲ့ ၈ဈ/၃၇၉၁ စူပါကာစတန် ခဲရောင်ယာဉ်တစ်စီးက လူ ၇ ဦး တစ်ဆက်တည်း တိုက်မိ ထွက်ပြေးပြီး ချောက်ထဲကျ တိမ်းမှောက်မှုဖြစ်ပွားခဲ့လို့ ကျောင်းသား ၂ ဦးအပါအဝင် လူ ၃ ဦး သေဆုံးကာ ၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်းဖြစ်စဉ်နဲ့ပတ်သက်လို့ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာ ၂၉ ရက်နေ့ နေ့လယ် ၁၂း၄၅ အချိန်မှာ ကျော်ဝင်း(ဘ)ဦးစံကျော်၊ ဆောင်ကြဲကျေးရွာ၊ သီပေါမြို့နယ်နေသူ မောင်းနှင်တဲ့ ယာဉ်ကနေ လူ ၅ ဦးကိုတိုက်မိပြီး ချောက်ထဲတိမ်းမှောက်ခဲ့ကြောင်း၊ တိုက်မိသူများ အနက် သီပေါမြို့ အ.ထ.က(၂) ကိုဆိုင်ကယ်ဖြင့် ကျောင်းတက်ဖို့လာတဲ့ တုံဆင့်ကျေးရွာမှ စိုင်းမျိုးကျော်ပါ ၂ ဦး သေဆုံးခဲ့ကြောင်း၊ ယာဉ်မောင်းသူ ကျော်ဝင်းနှင့် တင်မောင်ဝင်းတို့ပါ ၃ ဦးမှာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ တိမ်းမှောက်သွားတဲ့ မော်တော်ယာဉ်အတွင်း သက်သေများ နှင့်အတူ ရှာဖွေခဲ့ရာမှာ ယာဉ်ရဲ့ ဝဲဘက် နောက်ထိုင်ခုံဘေးမှာရှိတဲ့ ဆေးလိပ်ပြာခံခွက်အတွင်းက ပလပ်စတစ် အဖြူရောင်အိတ်အသေးနဲ့ ထည့်ထားတဲ့ ဘိန်းဖြူလို့ယူဆရတဲ့ အဖြူရောင်အမှုန့် အလေးချိန် ၀.၂၇၂၂

ဂရမ်ခန့်ပါတဲ့ ပင်နယ်စလင်ပုလင်း တစ်ပုလင်းကို ရှာဖွေတွေ့ရှိပြီး ယာဉ်မောင်းကျော်ဝင်း ရဲ့ပစ္စည်းဖြစ်ကြောင်း သိရှိရတဲ့အတွက် သီပေါရဲစခန်းကနေ (ပ) ၁၆၈/၁၂၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၇၉၊ ၃၃၈၊ ၃၀၄(က)၊ ၂၀၂ နဲ့ မူးယစ်ပုဒ်မ ၄၉/၂၀၁၂၊ မူး/စိတ် ၁၅/၁၆(ဂ) အရ အမှုဖွင့် အရေးယူဆောင်ရွက်ခဲ့ပြီး သီပေါမြို့နယ် တရားရုံးသို့ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့မှာ တရားစွဲဆိုတင်ပို့ခဲ့ကြောင်း၊ အမှုမှ တရားခံဖြစ်သူ ကျော်ဝင်းကို သီပေါမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပြီး ဆေးစစ်ချက်မှတ်တမ်းရယူရာမှာ ၎င်းဆီက အရက်နံ့များရကြောင်း၊ မျက်လုံးနှစ်ဖက် နီရဲနေပြီး အရက်သောက်ထားကြောင်းနှင့် သူ့ရဲ့ ဆီးနမူနာကို ဓာတုဗေဒစစ်ဆေးရေးဌာနသို့ ပို့ဆောင် စစ်ဆေးချက်အရ မော်ဖိန်းပါရှိကြောင်း သိရှိရတဲ့အတွက် ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိ ကြောင်း၊ သီပေါမြို့ ရဲစခန်းရဲ့မြောက်ဘက် ကျောင်းစု ကျေးရွာနဲ့ နားဖုံကျေးရွာအကြား ဘုရားကြီး ဘုရားကြားမှာ မူးယစ်ဆေးဝါးများကို ရောင်းဝယ်ဖောက်ကားသုံးစွဲနေတဲ့ဖြစ်စဉ်နဲ့ပတ်သက်လို့ သီပေါမြို့နယ် ရဲတပ်ဖွဲ့မှူးဦးစီးပြီး စခန်းမှူးနှင့်အဖွဲ့၊ မူးယစ်အထူးအဖွဲ့တို့က ပူးပေါင်းပြီး ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့မှာ သတင်းအတည်ပြုချက် ရယူခဲ့ကြောင်း၊ သတင်းအတည်ပြုချက်အရ အဲ့ဒီနေရာမှာမရှိဘဲ ရွာသစ်အုပ်စု၊ ကျောင်းစုကျေးရွာ သချိုင်းကုန်းအနီးမှာဖြစ်ကြောင်း သိရတဲ့ အတွက် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့ မနက် ၁၀ နာရီခွဲ အချိန်မှာ ဝင်ရောက်ဖမ်းဆီးခဲ့ရာမှာ တရားခံ ၁၀ ဦးကို မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိခဲ့လို့ သီပေါရဲစခန်းမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဥပဒေဖြင့် အသီးသီးအမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ သီပေါမြို့နယ်ရဲတပ်ဖွဲ့က လားရှိုးမူးယစ်အထူးအဖွဲ့နှင့်အတူ မိဘပြည်သူများရဲ့ ပူးပေါင်းကူညီ သတင်းပေးချက်များအရ မူးယစ်ဆေးဝါးတားဆီးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာမှာ မြို့နယ်ရဲတပ်ဖွဲ့တစ်ခုတည်းဖြင့် မနှိမ်နင်းနိုင်တော့ကြောင်းဆိုတာ ပြည်သူလူထုကို အသိပေးထားခြင်း မရှိကြောင်း စသည်ဖြင့် စိစစ်သိရှိရပါတယ်။

မူးယစ်ဆေးဝါးစိုက်ပျိုးပပျောက်မှုအတွက် မူးယစ်ဗဟိုအဖွဲ့က နိုင်ငံတကာအဖွဲ့အစည်းများ ဖြစ်တဲ့ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (United Nations Office on Drugs and Crime- UNODC)တရုတ်နိုင်ငံ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင် (China National Narcotics Control Commission NNCC)၊ အမေရိကန် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အုပ်ချုပ်မှုအဖွဲ့ (Drug Enforcement Administration-DEA) တို့နဲ့ပူးပေါင်းပြီးတော့ ဘိန်းစိုက်ပျိုး တဲ့ဒေသများမှာ တရားမဝင်ဘိန်းစိုက်ပျိုးမှုတိုင်းတာခြင်း၊ ကွင်းဆင်းစစ်ဆေးရှာဖွေ ဖျက်ဆီးခြင်း၊

လူမှုစီးပွားစစ်တမ်းများကောက်ယူခြင်း၊ နှစ်စဉ်အစီရင်ခံစာများထုတ်ပြန်ခြင်း၊ ဘိန်းခင်းတိုင်းတာရေး လုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊ ၂၀၁၃ ခုနှစ်မှာ ဘိန်းခင်းတိုင်းတာရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်ဖို့ ကျွမ်းကျင်သူများနဲ့ ညှိနှိုင်းဆွေးနွေးခဲ့ခြင်း စတဲ့လုပ်ငန်းများကို ဆောင်ရွက် ခဲ့ပါတယ်။ ဒါ့အပြင် မူးယစ်ဗဟိုအဖွဲ့နှင့် UNODC ပူးပေါင်းပြီး ရှမ်းပြည်နယ်တစ်ခုလုံး အစားထိုး ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ဖို့ဒေသခံအာဏာပိုင်များ၊ တိုင်းရင်းသားအဖွဲ့အစည်း များ၊ ပြည်သူလူထုများ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ရှမ်းပြည်နယ် ပြန်လည်ထူထောင်ရေး ကောင်စီ (RCSS)နဲ့လည်း တွေ့ဆုံဆွေးနွေးမှုများဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ကျန်တိုင်းရင်းသားအဖွဲ့ အစည်းများနဲ့လည်း တွေ့ဆုံဆွေးနွေးမှုများကို စီစဉ်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာအကူအညီများ နဲ့ ရန်ပုံငွေ ရရှိရေးကိုလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ မူးယစ်ဗဟိုအဖွဲ့အောက်မှာရှိတဲ့ တားဆီး နှိမ်နင်းရေးအဖွဲ့များက တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ၂၀၁၁ ခုနှစ်မှာ အမှုပေါင်း ၂၆၁၇ မှု၊ ဘိန်း ၈၂၈ ကီလို၊ ဘိန်းဖြူ ၄၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၉၄၁၈၈ ပြား၊ ဆူဒိုအက်ဖီဒရင်း ဆေးပြား ၁၁၀၀၄၈၇၀ ပြား၊ စိတ်ကြွရူးသွပ်ဆေးပြားရိုက်စက် ၂ ခု၊ ၂၀၁၂ ခုနှစ်အတွင်းမှာ အမှုပေါင်း ၄၀၀၆ မှု၊ ဘိန်း ၁၄၇၀ ကီလို၊ ဘိန်းဖြူ ၃၃၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၁၆၂၀၅၂ ပြား၊ ဆူဒိုအက်ဖီဒရင်းဆေးပြား ၄၇၇၄၂၀၇၅ ပြား၊ ဆေးပြားရိုက်စက် ၇ ခုတို့ကို အရှိန်အဟုန်မြင့် ဖမ်းဆီးနိုင်ခဲ့ပါတယ်။

မူးယစ်ဗဟိုမှာ အထူးအဖွဲ့ ၂၆ ဖွဲ့ဖွဲ့စည်းထားရှိပြီး သက်ဆိုင်ရာရဲတပ်ဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့များ နှင့်ပူးပေါင်းကာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိပါတယ်။ သို့ဖြစ်ရာ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားနေမှုကို နှိမ်နင်းပပျောက် ရေးကိစ္စနှင့်ပတ်သက်လို့ မူးယစ်ဗဟိုရုံးနှင့် မူးယစ်ဆေးဝါးပပျောက်ရေးဌာနက မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးစီမံချက်များရေးဆွဲပြီး မြို့နယ်များကို ဦးစားပေးအဆင့်များသတ်မှတ် ၍ မူးယစ်အထူးအဖွဲ့များနှင့် နယ်မြေခံရဲတပ်ဖွဲ့တို့ပူးပေါင်းပြီး ပြည်သူလူထုပါဝင်တဲ့ တားဆီးနှိမ်နင်း ရေး လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို နိုင်ငံတကာအဖွဲ့အစည်းများနှင့် မည်ကဲ့သို့ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိလိုသည်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်တံတားမဲဆန္ဒနယ်မှ ဦးစိုးဝင်းကိုယ်စား သာကေတမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုးမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်စိုး(သာကေတမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်စိုးဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းကိုယ်စားမေးခွန်းများကို မေးမြန်းခွင့်ပြုပါရန်လေးစားစွာဖြင့်တင်ပြအပ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစနစ်များကို ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ သိသာထင်ရှားစွာတဖြည်းဖြည်း ပြောင်းလဲကျင့်သုံးနေတာကို ပြည်တွင်းမှာရော၊ ပြည်ပမှာပါ အားလုံးနားလည်လက်ခံလာကြပြီဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံများမှာ အဓိကအရေးကြီးတဲ့အချက်ဟာ တရားဥပဒေစိုးမိုးရေးပဲဖြစ်ပါတယ်။ ပြည်သူများအားလုံးဟာ အေးချမ်းစွာနေထိုင်လိုကြပါတယ်။ ပြည်သူများရဲ့နေ့စဉ်ဘဝ၊ အသက်အိုးအိမ် စည်းစိမ်လုံခြုံရေးအတွက် မြန်မာနိုင်ငံပြည်သူ့ရဲတပ်ဖွဲ့ကြီးကို အားကိုးအားထားပြုနေကြပါတယ်။ ပြည်သူ့ရဲတပ်ဖွဲ့များအနေနဲ့လည်း စီမံချက်များချမှတ်ပြီးတော့ တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်နေကြတာကိုလည်း ကျွန်တော်တို့ကြားသိနေရပါတယ်။ ဒါပေမယ့် မင်းမဲ့စရိုက်ဆန်ဆန် အုပ်စုဖွဲ့ပြီးတော့ ရမ်းကားမှုတွေ၊ မတရားအနိုင်ကျင့်မှုတွေ၊ ခြိမ်းခြောက်မှုတွေ၊ လူသတ်မှုတွေ၊ ဖောက်ထွင်းခိုးယူမှုတွေကို ကြားသိနေရဆဲပဲဖြစ်ပါတယ်။ ပြည်သူများဘဝကိုခြိမ်းခြောက်မှုများရှိလာနိုင်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကြီးကို ပြည်သူတွေယုံကြည်ကိုးစားပြီးတော့ အားကိုးနေတာကိုမြင်ချင်ပါတယ်။ သံသယစိတ်တွေ၊ စိတ်ပျက်အားငယ်တဲ့စိတ်တွေနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကြီးကို ယုံကြည်မှုလျော့ပါးလာတာကို ကျွန်တော်တို့ မမြင်စေချင်ပါဘူး။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့လည်း မိမိတို့ဆောင်ရွက်ချက်များကို ပြည်သူများကြားမှာပေါ်လွင်စေချင်ပါတယ်။ ထင်သာမြင်သာလည်းရှိစေချင်ပါတယ်။ ထင်သာမြင်သာရှိအောင်လည်း ဆောင်ရွက်ဖို့လိုပါတယ်။ ဒါကြောင့် ပြည်သူလူထုကိုယ်စား အောက်ပါမေးခွန်းများကို မေးမြန်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်-

(၁) မြန်မာနိုင်ငံမှာ တရားဥပဒေစိုးမိုးနိုင်ရေးဆောင်ရွက်နိုင်မှုအခြေအနေနှင့် မြန်မာနိုင်ငံရဲ တပ်ဖွဲ့ဝင်များကို နိုင်ငံတကာရဲတပ်ဖွဲ့ဝင်များကဲ့သို့ ကိုယ်ရည်ကိုယ်သွေးထက်မြက်စေရန် မည်ကဲ့သို့ ဆောင်ရွက်နေပါသလဲ။

(၂) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို နိုင်ငံတကာရဲတပ်ဖွဲ့ဝင်များကဲ့သို့ ခေတ်မီကိရိယာများ တပ်ဆင်ထားနိုင်မှုရှိ၊ မရှိအခြေအနေ

(၃) နိုင်ငံတကာအဖွဲ့အစည်းများနဲ့ မည်ကဲ့သို့ချိတ်ဆက်ဆောင်ရွက်နေကြောင်း ပြည်သူများ သိသင့်သောအချက်များရှိပါက ဖြေကြားပေးနိုင်ပါရန်

လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ရဲချုပ် ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သပါတယ်။ ယခု ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းရဲ့ကိုယ်စား သာကေတမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုးရဲ့မေးခွန်းနှင့်ပတ်သက်လို့ ကျွန်တော်က ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ၁၉၅၄ ခုနှစ်မှာ အပြည်ပြည်ဆိုင်ရာ ရဲတပ်ဖွဲ့ (Interpol) နှင့် ၁၉၉၈ ခုနှစ်မှာ အာဆီယံနိုင်ငံများရဲအဖွဲ့ (Assanapol) တို့ကို အဖွဲ့ဝင်နိုင်ငံအဖြစ်ဝင်ရောက်ခဲ့ပါတယ်။ နှစ်စဉ်ကျင်းပတဲ့ Interpol , Assanapol ရဲ့အဖွဲ့များရဲ့ ရဲချုပ်များညီလာခံကို မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ အချို့နှစ်များမှအပ မပျက်မကွက်တက်ရောက် ခဲ့ပါတယ်။ အဲ့ဒီညီလာခံများမှာ အဖွဲ့ဝင်နိုင်ငံများရဲ့ ရဲတပ်ဖွဲ့ဝင်အချင်းချင်းသတင်းဖလှယ်ရေး၊ နည်းပညာများအကူအညီပေးရေး၊ တပ်ဖွဲ့ဝင်များ အရည်အသွေးမြှင့်တင်ခြင်းဆိုင်ရာကိစ္စရပ်များ အကူအညီပေးရေးစသည်တို့ကိုဆုံးဖြတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်မှုများရှိခဲ့ပါတယ်။ အဖွဲ့ဝင်နိုင်ငံများမှာ နှစ်စဉ်အလှည့်ကျဖွင့်လှစ်တဲ့ အာဆီယံရဲအရာရှိကြီးများပူးပေါင်းဆွေးနွေးပွဲ သင်တန်း (Joint ASEAN Senior Police Officer Course )ကို မြန်မာနိုင်ငံမှာ ၂၀၀၁ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်တို့မှာ ၂ ကြိမ်လက်ခံကျင်းပခဲ့ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့က နှစ်စဉ်ကျင်းပတဲ့

အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ အထွေထွေညီလာခံများကိုတက်ရောက်ခဲ့ပါတယ်။ နှစ်စဉ်ကျင်းပတဲ့ အပြည်ပြည်ဆိုင်ရာရဲအဖွဲ့အထွေထွေညီလာခံမှ ဆုံးဖြတ်ချက်များ၊ အကြံပြုချက်များ၊ ဒေသတွင်း အကောင်အထည်ဖော်ဆောင်ရွက်တဲ့ ရဲတပ်ဖွဲ့ဆိုင်ရာစစ်ဆင်ရေးနှင့် စီမံချက်များမှာ ပူးပေါင်းဆောင် ရွက်ခဲ့ပါတယ်။ ဒါ့အပြင် အပြည်ပြည်ဆိုင်ရာရဲတပ်ဖွဲ့ (Interpol) နှင့် အဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာ မှာရှိတဲ့ အမျိုးသားဗဟိုအဖွဲ့ (National Central Bureau – NCB) နဲ့ပူးပေါင်းပြီးတော့မှ ဆေးဝါးတု ပူးပေါင်းတိုက်ဖျက်နှိမ်နှင်းရေး (Operation Jupitor)၊ မုန်တိုင်းစစ်ဆင်ရေး (Operation Storm)၊ ကျားမှုခင်းများတိုက်ဖျက်ရေး (Operation Tiger) စတဲ့စစ်ဆင်ရေးများမှာ ပါဝင်ဆောင်ရွက် ခဲ့ပါတယ်။ အပြည်ပြည်ဆိုင်ရာရဲတပ်ဖွဲ့ (Interpol)ကကျင်းပတဲ့ ကမ္ဘာလုံးဆိုင်ရာ အစည်းအဝေးများ အလုပ်ရုံဆွေးနွေးပွဲ၊ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာသင်တန်းများ၊ ဒေသတွင်းစီမံကိန်း၊ စီမံချက်များ၊ ရဲတပ်ဖွဲ့ဆိုင်ရာ စစ်ဆင်ရေးစီမံချက်များမှာပါဝင်ခဲ့သလို အာဆီယံနိုင်ငံများရဲအဖွဲ့မှကျင်းပတဲ့ အဆင့်မြင့်အရာရှိကြီးများအဆင့်အစည်းအဝေး၊ အလယ်အလတ်အရာရှိများအဆင့် အစည်းအဝေး၊ အောက်ခြေအဆင့်လုပ်ငန်းဆောင်ရွက်နေတဲ့ အရာရှိများအဆင့်အစည်းအဝေးများ၊ သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများကိုတက်ရောက်ခဲ့ပါတယ်။ အလားတူ နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးမှချမှတ်တဲ့ လုပ်ငန်းဆိုင်ရာများကိုဆောင်ရွက်ခြင်းဖြင့် စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့က အာဆီယံရဲအဖွဲ့ (Assanapol) အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်ခဲ့ပြီးနောက် နှစ်စဉ်ကျင်းပတဲ့ အာဆီယံရဲချုပ်ညီလာခံမှ ဆုံးဖြတ်ချက်များကိုစုစည်းထားတဲ့ ပူးတွဲကြေညာချက်မှာ ပါဝင်တဲ့အချက်များကို ဒေသတွင်းရဲတပ်ဖွဲ့များနဲ့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါတယ်။ အာဆီယံဒေသတွင်းနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းကဏ္ဍ (ASEAN Political and Security Community) မှာပါဝင်တဲ့ နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ အာဆီယံဝန်ကြီးများ အစည်းအဝေးကို ၂ နှစ် ၁ ကြိမ်ကျင်းပပြီး အစည်းအဝေးဆုံးဖြတ်ချက်များကို ဒေသတွင်းရဲတပ်ဖွဲ့ဝင် များနှင့် အာဆီယံဆွေးနွေးဖက်နိုင်ငံများဖြစ်တဲ့ ဂျပန်၊ တရုတ်၊ ကိုရီးယား၊ ဩစတေးလျနှင့် နယူးဇီလန် စတဲ့နိုင်ငံများမှာရှိတဲ့ ရဲတပ်ဖွဲ့ဝင်များပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံဖြတ်ကျော် မှုခင်းများဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ၁ နှစ်မှာ ၁ ကြိမ်ကျင်းပပြီး အစည်းအဝေးကဆုံးဖြတ်ခဲ့တဲ့ အကောင်အထည်ဖော်ရမယ့်ဆုံးဖြတ်ချက်များကို ဒေသတွင်းရဲတပ်ဖွဲ့ များနဲ့ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ပြည်ပနိုင်ငံများဖြစ်တဲ့

မလေးရှား၊ စင်္ကာပူ၊ ထိုင်း၊ ဘရူနိုင်း၊ တရုတ်၊ အိန္ဒိယ၊ တောင်ကိုရီးယားနှင့် ဩစတေးလျစတဲ့နိုင်ငံများသို့ရဲလုပ်ငန်းဆိုင်ရာသင်တန်းများ၊ နည်းပညာဆိုင်ရာသင်တန်းများ၊ မှုခင်းသိပ္ပံနှင့် မှုခင်းဓာတ်ခွဲခန်းဆိုင်ရာသင်တန်းများ၊ မှုခင်းစုံစမ်းဖော်ထုတ်ခြင်းဆိုင်ရာသင်တန်းများနှင့် ဘာသာစကားသင်တန်းများကို စဉ်ဆက်မပြတ်စေလွှတ်တက်ရောက်လျက်ရှိပါတယ်။ ၂၀၀၄ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်းမှာသင်တန်း ၁၄၁ ကြိမ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှအရာရှိပေါင်း ၂၀၈ ဦးကိုစေလွှတ်တက်ရောက်ခဲ့ပါတယ်။ ဒါ့အပြင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ လူ့အခွင့်အရေးဆိုင်ရာကျင့်ဝတ်များလိုက်နာဆောင်ရွက်ရေးစသည်တို့မှာလည်း အခြားပြည်ပနိုင်ငံများနဲ့သာမက ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ NGO များ၊ INGO များနဲ့ပါ ပေါင်းစပ်ဆောင်ရွက်လျက်ရှိပြီး အဲ့ဒီအဖွဲ့အစည်းများရဲ့အကူအညီနဲ့ အလုပ်ရုံဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများ၊ နည်းပြမွမ်းမံသင်တန်းများဖွင့်လှစ်ပြီး တပ်ဖွဲ့ဝင်များရဲ့အရည်အသွေးများတိုးတက်မြင့်မားရေးအတွက်ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်တွင်းမှာလည်း အရာရှိကြီးများအဆင့်၊ ခရိုင်၊ မြို့နယ်စခန်းမှူးများရဲ့စွမ်းရည်မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်လို့ မွမ်းမံသင်တန်းများဖွင့်လှစ်ခြင်း၊ အာဆီယံဒေသတွင်းရဲအရာရှိများကိုဖိတ်ကြားပြီး အိမ်ရှင်နိုင်ငံအဖြစ်သင်တန်းများကို လက်ခံလေ့ကျင့်သင်ကြားပေးခြင်းများဆောင်ရွက်ခဲ့ပါတယ်။ မိမိနိုင်ငံရဲ့ ရဲတပ်သားအဆင့်သင်တန်း၊ ရဲအရာရှိလောင်းများသင်တန်း၊ စခန်းမှူးသင်တန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးသင်တန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူးသင်တန်းနှင့် အဆင့်မြင့်အရာရှိကြီးများအတွက် သင်ရိုးဇယားများကို နိုင်ငံတကာရဲတပ်ဖွဲ့ရဲ့စံနှုန်းများနဲ့အညီ ရေးဆွဲသင်ကြားပေးလျက်ရှိပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို နိုင်ငံတကာရဲတပ်ဖွဲ့များကဲ့သို့ ခေတ်မီကိရိယာများတပ်ဆင်ပေးထားနိုင်မှုနှင့်ပတ်သက်လို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်အနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးများ၊ တပ်ဖွဲ့များ၊ ရဲတပ်ရင်းများနှင့် ရဲလေ့ကျင့်ရေးကျောင်းများကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အထိ ဝယ်ယူရရှိတဲ့ ခေတ်မီစက်ပစ္စည်းများဖြစ်တဲ့ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်း၊ X- Ray စက်၊ လူဖြတ်စဉ်စစ်ဆေးစက်၊ လက်ကိုင်သတ္တုစစ်ဆေးစက်၊ ဒီဂျစ်တယ်မိုက်ခရိုစကုပ်၊ ပိုလီရေး၊ လက်ဗွေသဲလွန်ရှာဖွေစက်၊ မိုက်ခရိုလင့်ကင်မရာနှင့် ဖလက်ဂန်းများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ PH မီတာ၊ မိုက်ခရိုစကုပ်၊ ဟိုက်ဒရိုဂျင်ဆလင်ဒါ၊ ဆက်သွယ်ရေးပစ္စည်းများစသည်တို့ကို ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုငွေဖြင့် ဝယ်ယူတပ်ဆင်ဖြည့်တင်းဖြန့်ခွဲထုတ်ပေးလျက်ရှိပါတယ်။ မှုခင်းတပ်ဖွဲ့သုံးခရမ်းလွန်ရောင်ခြည်မီး၊ မှုခင်းသဲလွန်စရှာမီး၊ ဓာတုဗေဒသုံးအနီအောက်ရောင်ခြည်စက်နှင့် မှုခင်းတပ်ဖွဲ့သုံး

(True Scan) လက်ပုံစံအလိုအလျောက်စစ်ဆေးစက်၊ x- Ray စက်များတပ်ဆင်ပေးနိုင်ရေးအတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာထည့်သွင်းတောင်းခံရရှိထားပြီးဖြစ်ပါကြောင်းနှင့် ဆက်လက်၍လည်း ဘဏ္ဍာရေးခွင့်ပြုချက်ပေါ်မူတည်၍ ဆက်လက်ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ပန်းဘဲတန်းမြို့နယ် ရွှေတိဂုံဘုရားလမ်း၊ အမှတ် (၁၈/၂၂) ၊ မြေညီထပ် မြေနှင့်အဆောက်အဦကို သက်ဆိုင်ရာမှ မူလပိုင်ရှင်သို့ ပြန်လည်ပေးအပ်ရန်နှင့်စပ်လျဉ်းသည့်မေးခွန်း။**

**ဥက္ကဋ္ဌ** ။ ။ ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးအောင်ဆန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ဆန်း(ပန်းဘဲတန်းမဲဆန္ဒနယ်)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ လေ့လာရေးလာရောက်ကြတဲ့ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူပိုင်သိမ်းဆည်းထားတဲ့ နိုင်ငံသားပိုင်အခန်းများနဲ့ ပတ်သက်လို့ မေးမြန်းမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပန်းဘဲတန်း၊ လသာ၊ ကျောက်တံတားမြို့နယ်တွေဟာ စီးပွားရေးအချက်အခြာကျတဲ့ မြို့နယ်တွေဖြစ်ပြီးတော့ စီးပွားရေးလုပ်ငန်းရှင်များ အများအပြားရှိတဲ့မြို့နယ်လည်းဖြစ်ပါတယ်။ အဲ့ဒီတော့ ၁၉၆၄ ခုနှစ် တော်လှန်ရေးကောင်စီအစိုးရလက်ထက် ပြည်သူပိုင်သိမ်းတဲ့အခါမှာ လုပ်ငန်းအများအပြားပြည်သူပိုင်သိမ်းဆည်းခြင်းခံခဲ့ရပါတယ်။ အားလုံးသိတဲ့အတိုင်းပါပဲ ပြည်သူပိုင်သိမ်းတဲ့အခါ ဆိုင်ခန်းတွေပါတယ်။ ကုမ္ပဏီရုံးခန်းတွေပါတယ်။ ပွဲရုံတွေပါတယ်။ ရုပ်ရှင်ရုံ တွေပါတယ်။ စာသင်ကျောင်းတွေပါတယ်။ အားလုံးခြုံပြီးပြောရရင်တော့ ပုဂ္ဂလိလုပ်ငန်းရှင်အားလုံး ထိုသို့ပြည်သူပိုင်သိမ်းခြင်းခံရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၇၇ ခုနှစ်လောက်က ပြည်သူပိုင် လုပ်ငန်းတွေကို ပြန်လည်စိစစ်ပြီးတော့ ပိုင်ရှင်တွေကို ပုံစံ ၃ လို့ခေါ်တဲ့ပုံစံနဲ့ ပြန်ပေးခဲ့ပါတယ်။ အဲ့ဒီပုံစံမှာ ပိုင်ရှင်ကိုယ်တိုင် ဒါမှမဟုတ် အမွေဆိုင်များကလက်မှတ်ရေးထိုးပြီးတော့ ယူခဲ့ရပါတယ်။ ဒါပေမယ်လို့ အခန်းများ ပြန်လည်မရရှိတာကများပါတယ်။ အဲ့ဒီအချိန်က ပြန်ပေးတဲ့အခန်းများဟာ ကုန်သွယ်ရေး ဒါမှမဟုတ် သမဝါယမပိုင် ဒါမှမဟုတ် အစိုးရရုံးခန်းစသည်ဖြင့် ဖြစ်နေပါတယ်။ ပိုင်ရှင်များ အနေနဲ့ကတော့ ပေးကားပေး၏မရဆိုတဲ့သဘော ဖြစ်နေပါတယ်။ မူလပိုင်ရှင်များက ပုံစံ ၃ ကိုင်ပြီးတော့ စောင့်နေကြပါတယ်။ တချို့လိုက်နိုင်တဲ့ ပုဂ္ဂိုလ်တွေကတော့ အနည်းအကျဉ်း ဆိုင်ခန်း

ပြန်ရကြပါတယ်။ အများစုကတော့ မရပါဘူး။ ဒီကြားထဲမှာ အဆောက်အဦတွေက ဟောင်းနွမ်းလာတော့ အန္တရာယ်ရှိတဲ့ DB အဆောက်အဦဖြစ်ပြီးတော့ လက်ရှိသမဝါယမဆိုင်တို့ သမရုံးခန်းတို့က ငွေသွင်းပြီးတော့ တိုက်သစ်ဆောက်ကြပြန်ပါတယ်။ အဲ့ဒီမှာပိုင်ရှင်က ပြန်ရဖို့ဝေးသွားပါတယ်။ ၂၀၁၀ ခုနှစ်လောက်မှာ နိုင်ငံတော်ကပြည်သူပိုင်အခန်းများကို ချိတ်ပိတ်တင်ဒါစနစ်နဲ့ရောင်းပါတယ်။ မူလပိုင်ရှင်တွေကို ဦးစားပေးပါတယ်။ မူလပိုင်ရှင်တွေက မိမိတို့ပိုင်အခန်းကို ကာလပေါက်ဈေးနဲ့ ပြန်ဝယ်ရပါတယ်။ ရုပ်ရှင်ရုံ တွေပါတယ်။ ဆိုင်ခန်းတွေပါတယ်။ အိမ်ခန်းတွေပါပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ နိုင်ငံတစ်ခုမှာ အုပ်ချုပ်တဲ့အစိုးရဟာ မိဘသဖွယ်ဖြစ်ပြီးတော့ တိုင်းသူပြည်သားများဟာ သားသမီးများဖြစ်ကြပါတယ်။ သားသမီးများအရေးကို မိဘများက အလေးထားတတ်ကြပါတယ်။ အဲ့ဒီဖြစ်စဉ်များကိုကြည့်လျှင် မိဘကသားသမီးကို ရောင်းတယ်။ သားသမီးက မိမိပစ္စည်းကို မိဘဆီက ပြန်ဝယ်ရတယ်။ ဒါဟာမဖြစ်သင့်တဲ့ ကိစ္စလို့ ထင်မြင်မိပါတယ်။ ဒါတွေကတော့ ပြီးခဲ့တဲ့ကိစ္စတွေ ဖြစ်ပါတယ်။ ဒါပေမယ့် ယနေ့အခါမှာ ပုံစံ ၃ ကိုကိုင်ပြီး အခန်းပြန်မရတဲ့သူတွေ ရှိနေပါသေးတယ်။ အဲ့ဒီအတွက်တော့ ယခုအခါမှာ နိုင်ငံတော်ကအလေးထားစဉ်းစားပေးသင့်တဲ့ကိစ္စဖြစ်ကြောင်း ထင်မြင်မိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ် ရွှေတိဂုံဘုရားလမ်း အမှတ် (၁၈/၂၂) မြေညီထပ်တိုက်ခန်း၊ မြေနဲ့အဆောက်အဦဟာ ကွယ်လွန်သူ အိုင်အမ်ဒီဘာဂီးယားနှင့် သားဖြစ်သူ ဦးဟမ်ဆာတို့ မွေးချင်းများ အမွေဆက်ခံပိုင်ဆိုင်ထားတဲ့အခန်းဖြစ်ပါတယ်။ ၁၉၆၄ ခု ပြည်သူပိုင်သိမ်းစဉ်က အဲ့ဒီ အခန်းဟာ ဆောက်လုပ်ပြီးစအခန်း ဖြစ်တဲ့အတွက်ကြောင့် ရေမီးတို့ပင် မဆက်သာသေးတဲ့အတွက်ကြောင့် လုပ်ငန်းလုပ်တဲ့အခန်း မဟုတ်တဲ့အတွက်ကြောင့် ပြည်သူပိုင် သိမ်းခြင်းဥပဒေနဲ့ မသက်ဆိုင်ခဲ့ပါဘူး။ ထိုစဉ်က သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတာဝန်ရှိသူ တို့က ယာယီကွပ်ကဲရေးရုံးခန်းအဖြစ် အသုံးပြုရန် အကူအညီ တောင်းခံတဲ့အတွက်ကြောင့် အခမဲ့ အကူအညီပေးခဲ့ခြင်းသာဖြစ်ပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်ရုံးရဲ့ အမိန့်ကြေညာချက်အရ မြန်မာနိုင်ငံ သားမြေးနှင့် အဆောက်အဦပိုင်ရှင် မိသားစုဖြစ်သောကြောင့် စားသောက်ကုန်နှင့် အထွေထွေကုန် ပစ္စည်းရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူးကိုယ်စား ဒုအထွေထွေမန်နေဂျာက ၂၇-၄-၁၉၇၇ နေ့မှာ အသိသက်သေအဖြစ် ရန်ကုန်တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်ကော်မတီဝင် ၂ ဦးရဲ့ ရှေ့မှောက်မှာ လက်မှတ်ရေးထိုးပြီးတော့ ပုံစံ ၃ နဲ့ ပိုင်ရှင်ကိုပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။ ပုံစံ ၃ ဆိုတာကတော့ အကြောင်းအရာ ပြည်သူပိုင်ဆိုင်ခန်းအဆောက်အဦ တရားဝင်ပိုင်ဆိုင်ခွင့်ကို ပိုင်ရှင်

သို့ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်း၊ (၁) ၁၉၆၃ ခုနှစ် လုပ်ငန်းများပြည်သူပိုင်ပြုလုပ်ခြင်းဥပဒေအရ ပြည်သူပိုင်ပြုလုပ်ခဲ့သည့် အောက်တွင် ဖော်ပြထားသော ပြည်သူပိုင်အခန်း၊ အဆောက်အဦ တရားဝင်ပိုင်ဆိုင်ခွင့်ကို ၂၇-၄-၇၇ ခုနှစ်မှစ၍ ပြန်လည်လွှဲအပ်ပေးအပ်ကြောင်း လက်မှတ်ရေးထိုး ကြပါသည်တဲ့ အဲ့ဒီမှာ ပိုင်ရှင်လက်မှတ် ရေးထိုးထားပါတယ်။ ပစ္စည်းစာရင်းကတော့ အဲ့ဒီအခန်းပါ။ နောက်တစ်ခါ လွှဲပြောင်းပေးအပ်သူကတော့ ကုန်သွယ်ရေးက ဦးဆောင်ညွှန်ကြားရေးမှူး ကိုယ်စား ဒုအထွေထွေမန်နေဂျာဖြစ်ပါတယ်။ အသိသက်သေများကတော့ ဦးဆန်ခိုင်တို့ ၊ဦးပါတို့ဆိုတာ ရန်ကုန်တိုင်း ကျွန်တော်တို့ ပြည်သူကောင်စီ အလုပ်အမှုဆောင်ကော်မတီဝင် ၂ ဦးကလက်မှတ် ရေးထိုးပေးထားပါတယ်။ အဲ့ဒီတော့ ဒီလိုပုံစံ ၃ ဖြင့်ပြန်လည်ပေးအပ်ပြီးနောက် ယခင်က ကုန်သွယ်ရေး က အသုံးပြုလာခဲ့တဲ့ အတွက်ကြောင့် ပိုင်ရှင်အနေနဲ့ အိမ်လခကို ကုန်သွယ်ရေးက လက်ခံပြီးတော့ ပြန်လည်ခွင့်ပြုထားခဲ့ပါတယ်။ ယခုနောက်ပိုင်းမှာတော့ ကုန်သွယ်ရေးအရ အသုံးပြုရန် မလိုတော့ဘူး ဆိုပြီးတော့ အခန်းကို သော့ပိတ်ပြီးတော့သွားခဲ့ပါတယ်။ အဲ့ဒီအချိန်ထိ ဒီအခန်းကိစ္စတွေကို ကုန်သွယ်ရေးကပဲ ဆက်လက်ဆောင်ရွက်နေတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ပိုင်အဆောက်အဦများ ရောင်းချရေးကော်မတီက ချိတ်ပိတ်တင်ဒါ စနစ်ဖြင့်ရောင်းချရန် ကြေညာခဲ့ပါတယ်။ အဲ့ဒီမှာ အဲ့ဒီအိမ်ခန်းဟာ အဲ့ဒီအခန်းဟာ အမှတ်စဉ် ၁၀၇ ဖြင့်ပါလာတဲ့အတွက်ကြောင့် အိမ်ပိုင်ရှင်ကနေပြီးတော့ နိုင်ငံတော်ပိုင်အဆောက်အဦများရောင်းချရေး ကော်မတီကို အထက်ပါဖြစ်စဉ်များကို တင်ပြပြီးတော့လျှောက်ထားခဲ့ရာမှာ တင်ဒါစနစ်ဖြင့် ရောင်းချခြင်းမပြုတော့ဘဲ အခန်းကို ဆက်လက်ပြီးတော့ သော့ချိတ်ပိတ်ထားခဲ့ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ၁၅-၃-၂၀၁၂ ရက်နေ့မှာတော့ အထက်ပါသော့ချိတ်ပိတ်ထားတဲ့အခန်းအမှတ်ကို ပန်းပဲတန်း မြို့နယ် မြို့နယ်ဥပဒေရုံးအဖြစ် ၂ လခန့် ယာယီအသုံးပြုရန်ဖြစ်ကြောင်းပြောပြီးတော့ လာရောက်ပြီး တော့ ဖွင့်ပြီးတော့ ရုံးဖွင့်ခဲ့ပါတယ်။ ဒါကြောင့် ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ပါ ဖြစ်စဉ်များကို ပြန်လည် လေ့လာသုံးသပ်ရရင် ပန်းပဲတန်းမြို့နယ် ရွှေတိဂုံဘုရားလမ်း အမှတ် (၁၈/၂၂) မြေညီထပ် မြေနှင့် အဆောက်အဦတို့ဟာ ကွယ်လွန်သူဖခင် အိုင်အမ်ဘာဂီးယားနဲ့ သားဖြစ်သူ ဦးဟမ်ဆာတို့ရဲ့ အမွေဆိုင်အခန်း ဖြစ်ပါတယ်။ ၁၉၆၄ ခုနှစ်ပြည်သူပိုင်သိမ်းဆည်းစဉ်က ဆောက်လုပ်ပြီးစ ပြည်သူ ပိုင်သိမ်းခြင်းနှင့်မသက်ဆိုင်သော မိသားစုပိုင်အခန်းဖြစ်ပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ အမိန့် ကြော်ငြာစာအရ ကုန်သွယ်ရေးမှ ပုံစံ ၃ ဖြင့် ပြန်လည်ပေးအပ်ပြီး ဖြစ်ကြောင်းလည်းတွေ့ရှိရပါတယ်။ သို့ပါ၍ ယနေ့ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ

ဒီမိုကရေစီအုပ်ချုပ်ရေးယန္တရားများ လည်ပတ်ကျင့်သုံးနေပြီဖြစ်ရာ ပြည်သူတို့အတွက် တရားမျှတမှု၊ စိတ်ကောင်းစေတနာရှိမှု၊ ပွင့်လင်းမြင်သာမှုအစရှိသည်တို့ကို လက်တွေ့ကျင့်သုံး ဆောင်ရွက်နေမှု အနေဖြင့် အထက်ဖော်ပြပါ အခန်းအား သက်ဆိုင်ရာမူလပိုင်ရှင်သို့ ပြန်လည်ပေးအပ်ရန် အစီအစဉ်ရှိ၊ မရှိ သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့်လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ၂၅ မိနစ်ခန့်ရပ်နားပါမယ်။ အစည်းအဝေးစတင်တဲ့ အချိန်မှာ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားဖို့ စီစဉ်ထားပါ။

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးအစည်းအဝေးခန်းမအတွင်းမှ ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**[** အစည်းအဝေးကို ၂၅ မိနစ်ခန့်ရပ်နားပါသည်။ **]**

**အချိန်၊ ၁၁း၄၅။**

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည် စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးအောင်ဆန်းမေးမြန်းတဲ့မေးခွန်းအား သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးဝင်းမြင့်(ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသော လေ့လာရေးဧည့်သည်တော်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နဲ့ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်။ ကျွန်တော်ကတော့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်

ဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးမှာ အခုလို့ဖြေကြားခွင့်ရတဲ့အတွက် ဂုဏ်ယူပါကြောင်းပြောကြားလိုပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းရဲ့ ပန်းဘဲတန်းမြို့နယ် ရွှေတိဂုံဘုရားလမ်း အမှတ် (၁၈/၂၂) မြေညီထပ်တိုက်ခန်းမြေနှင့် အဆောက်အဦကို သက်ဆိုင်ရာမှမူလပိုင်ရှင်သို့ပြန်လည်ပေးအပ် ရန်အစီအစဉ်ရှိ၊ မရှိမေးခွန်းနှင့်ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနပိုင် ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ် ရွှေတိဂုံဘုရားလမ်း အမှတ် (၁၈/၂၂)မြေညီထပ်တိုက်ခန်းဟာ ပြည်သူပိုင်သိမ်းခန်း(ပဆ-၉၁၂၂)ဖြစ်ပြီး အုတ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်အခင်းဖြစ်ပါတယ်။ အတိုင်းအတာမှာ အလျား ၃၀ ပေ၊ အနံ ၆၀ ပေ၊ အမြင့် ၁၃ ပေ ၁၀ လက်မဖြစ်ပါတယ်။ ပြည်သူပိုင်သိမ်းဆည်းပြီးနောက် အထွေထွေကုန်ပစ္စည်းရောင်းဝယ်ရေးမှ ရယူအသုံးပြုခဲ့ပါတယ်။ ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီးရုံးရဲ့ပြုပြင်ဖွဲ့စည်းရေးညွှန်ကြားချက်အမှတ် (၃၉/၉၈) အရ နယ်စပ်ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ၁၉၉၉ ခုနှစ်၊ ဧပြီလ ၁ မှာလွှဲပြောင်းရယူခဲ့ပါတယ်။ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနဟာ အဆိုပါအခန်းအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံကော်မရှင်ရဲ့ခွင့်ပြုချက်အရ ပုဂ္ဂလိကလုပ်ငန်းရှင် ၃ ဦးသို့ ၁၉၉၉ ခုနှစ်၊ ဇူလိုင်လ ၁ ရက်မှ ၂၀၀၉ ခုနှစ်၊ အောက်တိုဘာ ၁၅ ရက်နေ့အထိ အဆင့်ဆင့်ငှားရမ်းခဲ့ပြီးနောက် ငှားရမ်းသူမှပြန်လည်အပ်နှံခဲ့တဲ့အတွက် ဌာနမှပြန်လည်လွှဲပြောင်းလက်ခံခဲ့ပါတယ်။ ဖော်ပြပါအခန်းဟာ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနမှ နိုင်ငံပိုင်အဆောက်အအုံများရောင်းချရေးကော်မတီသို့ အပ်နှံထားခဲ့ပြီးနောက် ပြည်သူပိုင်သိမ်းစဉ်က မူလပိုင်ရှင်ဦးအိုင်အမ်ဒီဘားဂီယားရဲ့သားဖြစ်သူ ဦးဟမ်ဆာက ပိုင်ရှင်သို့လွှဲပြောင်းပေးအပ်ခြင်းပုံစံ ၃ အားတင်ပြခဲ့သဖြင့် နိုင်ငံပိုင်အဆောက်အအုံများရောင်းချရေးကော်မတီမှ ဆက်လက်ရောင်းချခြင်းမပြုတော့ဘဲ ရပ်ဆိုင်းထားခဲ့ပြီး နိုင်ငံပိုင်အဆောက်အအုံများရောင်းချရေးကော်မတီမှအဆိုပါအခန်းအား ပန်းဘဲတန်းမြို့နယ် မြို့နယ်ဥပဒေရုံးသို့လွှဲပြောင်းပေးရန်ညွှန်ကြားခဲ့ပါတယ်။ နိုင်ငံပိုင်အဆောက်အအုံများ ရောင်းချရေးကော်မတီရဲ့ အထက်ပါညွှန်ကြားချက်အရ သက်ဆိုင်ရာအခန်းအား ပန်းဘဲတန်းမြို့နယ် မြို့နယ်ဥပဒေရုံးသို့ ၂၀၁၂ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့မှာ အဖွဲ့ဖြင့်စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ပါတယ်။ အဆိုပါအခန်းလွှဲပြောင်းဆောင်ရွက်ပြီးစီးမှုအခြေအနေအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံစာတင်ပြခဲ့ရာ ၂၀၁၂ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့မှာကျင်းပပြုလုပ်ခဲ့သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး

အမှတ်စဉ် (၂၁/၂၀၁၂) မှာ သက်ဆိုင်ရာအခန်းအား နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနရဲ့ မူလပုံသေပိုင်စာရင်းမှ နုတ်ပယ်ခွင့်ရရှိခဲ့ပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် ရွှေတိဂုံဘုရားလမ်း အမှတ် (၁၈/၂၂)မြေညီထပ်တိုက်ခန်းအား နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနမှ နိုင်ငံပိုင် အဆောက်အအုံများရောင်းချရေးကော်မတီသို့ ပြန်လည်လွှဲပြောင်းပေးပြီးဖြစ်ပါသောကြောင့် နိုင်ငံပိုင် အဆောက်အအုံများရောင်းချရေးစီမံခန့်ခွဲမှုကော်မတီမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**တစ်နေ့တစ်ခြားတက်လာသော အခြေခံစားကုန်ဈေးနှုန်းများ တည်ငြိမ်စွာ ဖြစ်စေရေးနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအောင်ကြိုင်၊ ညောင်ဦးမဲဆန္ဒနယ်ကိုယ်စား ဦးကိုကြီး၊ အောင်မြေသာစံမှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကိုကြီး(အောင်မြေသာစံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ကြွရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး စိတ်ချမ်းသာပြီး၊ ကိုယ်ကျန်းမာကြ၍ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ တောင်းဆုပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကြီးဖြစ်ပါတယ်။ မန္တလေးတိုင်ဒေသကြီး၊ ညောင်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြိုင်ကိုယ်စား မေးခွန်းမေးမြန်းခွင့်ပြုတဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဤမေးခွန်းဟာ မူလကအဆိုအဖြစ် တင်သွင်းထားခြင်းဖြစ်သော်လည်းပဲ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ မေးခွန်းအဖြစ် ပြောင်းလဲမေးရန် လမ်းညွှန်ထားခြင်းဖြစ်ပါတယ်။ မေးမြန်းလိုသည်မှာ မြန်မာနိုင်ငံမှာ အခြေခံစားသောက်ကုန်များ၏ ဈေးနှုန်းများဟာမတည်ငြိမ်ဘဲ လက်လုပ်လက်စားများမှာ ရရှိသောဝင်ငွေနှင့် တစ်နေ့တစ်ခြားတက်လာတဲ့ မရှိမဖြစ်တဲ့ ဆန်၊ဆီ၊ဆား၊သား၊ ငါးစတဲ့ အခြေခံစားကုန်ဈေးနှုန်းများ တည်ငြိမ်စွာဖြစ်စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနသို့ မေးမြန်းတဲ့မေးခွန်းဖြစ်ပါတယ်။ နှစ်ပေါင်းများစွာ အတွေ့အကြုံအရ အစိုးရဝန်ထမ်းများဟာ လစာတိုးပေးတိုင်းကုန်ဈေးနှုန်းဟာ ရေမြင့်၊ ကြာမြင့် သဘောလိုက်၍ တိုးမြင့်နေတဲ့အတွက် ဝင်ငွေနည်းပါးတဲ့လက်လုပ်လက်စားများမှာ ဈေးကြီးပေး၍ အခက်အခဲတွေနဲ့တွေ့နေရတတ်ပါတယ်။ ဆင်းရဲတွင်းကမတက်နိုင်ဖြစ်နေရပါတယ်။ လစာတိုးမည်ဟု သတင်းကြားသည်နှင့်တစ်ပြိုင်နက် မိမိမှာရှိပြီးသား

ကုန်ပစ္စည်းများဟာလည်းပဲ တတ်လာလေ့ရှိပါတယ်။ သို့ဖြစ်ပါ၍ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ကုန်ဈေးနှုန်းတည်ငြိမ်နေစေရန်အတွက် သယ်ယူပို့ဆောင် ရေးစရိတ်ကွာခြားခြင်းမှအပ တစ်နိုင်ငံလုံး ကိုကျွန်တော်တို့ တစ်ပြေးညီဖြစ်စေချင်တာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မြို့တိုင်းမှာ၊ရွာတိုင်းမှာရှိတဲ့ အုပ်ချုပ်ရေးမှူးများအနေနဲ့ မိမိတို့သက်ဆိုင်ရာဈေးများအတွင်း အခြေခံစားကုန်များကို တည်ငြိမ် အောင် ကြီးကြပ်ဆောင်ရွက်ပေးခြင်း၊ ဝန်ထမ်းလစာများအား ခေတ်ကာလနဲ့ညီစွာ သင့်တင့်မျှတသော နှုန်းထားများသက်မှတ်ပေးခြင်း စသဖြင့်ဆောင်ရွက်ပေးပါက ကုန်ဈေးနှုန်းများတည်ငြိမ်သွားနိုင်ပါ သဖြင့် လစာနည်းဝန်ထမ်းများငွေစုနိုင်ခြင်း၊ လက်လုပ်လက်စား နေ့စားများပါချောင်လည်၍ ဆင်းရဲနွမ်းပါးမှုကိုတစ်ဖက်တစ်လမ်းမှ ဆောင်ရွက်နိုင်ကြောင်းအပြုသဘောဖြင့် စေတနာထား၍ ဤမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူး တင်ပါတယ်။(သြဘာသံများ)

**[ဦးအောင်ကြိုင်၊ ညောင်ဦးမဲဆန္ဒနယ်ကိုယ်စား ဦးကိုကြီး၊ အောင်မြေသာစံမဲဆန္ဒနယ်က မေးမြန်းပါသည်။]**

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်း ဖြေကြားဖို့ဖြစ်ပါ တယ်။

## ဖြေကြားချက်

**ဦးဝင်းမြင့်(ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသောဧည့်သည်တော်ကြီးများခင်ဗျား။ ပုဂံညောင်ဦး မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြိုင်ကိုယ်စား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကိုကြီးရဲ့မြန်မာနိုင်ငံမှာ အခြေခံစားသောက်ကုန်များရဲ့ဈေးနှုန်းများမတည်ငြိမ်ဘဲနဲ့ လက်လုပ်လက်စားများမှာ ရရှိသောဝင်ငွေနဲ့ တစ်နေ့တခြားတက်လာသောမရှိမဖြစ် ဆန်၊ဆီ၊သား၊ငါး စသောအခြေခံစားသောက်ကုန်များ တည်ငြိမ်စွာဖြစ်စေရေးအတွက် နိုင်ငံတော်အစိုးရကတိုက်တွန်း ကြောင်းမေးခွန်းနဲ့ပတ်သက်ပြီး ဆက်လက်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကြိုင်ကိုယ်စား ဦးကိုကြီးတင်ပြထားတဲ့ အခြေခံစားသောက်ကုန်ဈေးနှုန်းများ တည်ငြိမ်ရေးဟာ အင်မတန်အရေးကြီးတဲ့ ကိစ္စရပ်ဖြစ်တဲ့အတွက် ပြည်ထောင်စုအစိုးရအနေနဲ့ စတင် တာဝန်ယူပြီးတဲ့အချိန်ကစပြီး ပြည်သူများရဲ့ စားဝတ်နေရေး အဆင်ပြေရေးကို ရှေးရှုပြီး ၂၀၁၁ ခုနှစ်၊

ဧပြီလ ၂၀ ရက် ရက်စွဲနှင့် နိုင်ငံတော်သမ္မတရုံးရဲ့ အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၁၂) နဲ့ ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ ကျွန်တော် ဥက္ကဋ္ဌအဖြစ်ပါဝင်ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာန ၁၁ ခုမှ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အစိုးရအဖွဲ့ဝင် ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌနှင့် သက်ဆိုင်ရာအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများပါဝင်တဲ့ ကော်မတီကိုဖွဲ့စည်းပေးခဲ့ပြီး အခြေခံစားသောက်ကုန်ဈေးနှုန်းများတည်ငြိမ်အောင် ဆောင်ရွက်ပေးခဲ့ပါတယ်။ ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီရဲ့ လုပ်ငန်းတာဝန်များအနေနဲ့ကတော့ အခြေခံစားကုန်ပစ္စည်းများဖြစ်တဲ့ ဆန်၊ စားသုံးဆီနဲ့ မီးဖိုချောင်သုံးကုန်ပစ္စည်းများ ဈေးနှုန်းများ တည်ငြိမ်ရေးကို ဦးစားပေးဆောင်ရွက်ရန် အခြေခံစားကုန်ပစ္စည်းတစ်မျိုးစီရဲ့ ပြည်တွင်းစားသုံးရန် လိုအပ်ချက်တွေနဲ့ ပြည်တွင်းထုတ်လုပ်မှုပမာဏကို ချိန်ဆပြီး ညီညွတ်မျှတစေရေး စိစစ်ဆောင်ရွက်ရန် ဒေသများအလိုက် ကုန်ဈေးနှုန်းများတည်ငြိမ်စေရန်၊ လိုအပ်တဲ့ပေါင်းစပ်ညှိနှိုင်းမှုများအတွက် အဖွဲ့အစည်းများဖွဲ့စည်းတာဝန်ပေးရန်၊ ကုန်ပစ္စည်းထွက်ရှိတဲ့နေရာတွေက စားသုံးတဲ့နေရာတွေကို သယ်ဆောင်တဲ့ နေရာမှာ သယ်ယူစရိတ်ကြီးမြှင့်ခြင်း၊ ကြားခံအဆင့်များပြားလှခြင်း၊ သယ်ယူရာ လမ်းခရီးမှာ မလိုအပ်ဘဲထိန်းချုပ်ခြင်းများမဖြစ်ပေါ်စေရေးအတွက် ညှိနှိုင်းဆောင်ရွက်ရန်၊ ကုန်စည်စီးဆင်းမှုမှန်ကန်စေရေးနှင့် လုံလောက်စွာဝင်ရောက်ရေး ကုန်စည်စီးဝင်စီးထွက်မှန်ကန်မြန်ဆန်ရေးတို့ကို ညှိနှိုင်းပေါင်းစပ်ပေးရန်၊ အခြေခံစားကုန်ပစ္စည်းများကို ထုတ်လုပ်တိုးချဲ့ဆောင်ရွက်ရေးအတွက်လိုအပ်လျှင် ပံ့ပိုးကူညီမှုများ ညှိနှိုင်းဖြည့်ဆည်းပေးရန်၊ အခြေခံစားကုန်ပစ္စည်းကို ကုန်ဈေးနှုန်းတည်ငြိမ်မှုပျက်ပြားစေမယ့် ကိစ္စရပ်များဥပဒေနှင့်အညီ ကြီးကြပ်ဆောင်ရွက်ရန်၊ အခြေခံစားကုန်ပစ္စည်းများ ထုတ်လုပ်တဲ့နေရာမှာ အဓိကဖြစ်တဲ့ လယ်ယာကဏ္ဍနှင့် မွေးမြူရေးကဏ္ဍတို့မှာ ထုတ်လုပ်မှုတိုးတက်လာစေရေးအတွက် လိုအပ်သောပံ့ပိုးမှုများပေးရန်နှင့် တစ်နိုင်စိုက်ပျိုးရေးနှင့် တစ်နိုင်မွေးမြူရေးတို့ကို အားပေးရေးစတဲ့ စည်းရုံးရေး၊ စီးပွားရေးနည်းလမ်းများဖြင့် ဆောင်ရွက်ပေးရန်တို့ပဲဖြစ်ပါတယ်။ ဆန်၊ ဆီ၊ သား၊ ငါး စသော စားသောက်ကုန်များထဲမှာ အဓိကအရေးကြီးဆုံးဖြစ်တဲ့ ဆန်ဈေးနှုန်းနဲ့ပတ်သက်ပြီး ဦးစွာ တင်ပြလိုပါတယ်။ ဆန်စပါးဟာ ကျွန်တော်တို့နိုင်ငံမှာ အဓိကစားသုံးရိက္ခာ Stable Food ဖြစ်တဲ့အတွက် အထူးအလေးအနက်ထားဆောင်ရွက်ရတဲ့ ကုန်ပစ္စည်းဖြစ်ပါတယ်။ ဆန်စပါးဈေးနှုန်း ကြီးမြင့်ရင် စားသုံးသူပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေသလို ဈေးနှုန်း

ကျဆင်းခဲ့ရင်လည်း စိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူလယ်သမားများအတွက် ထိခိုက်နစ်နာနိုင်မှာ ဖြစ်လို့ စိုက်ပျိုးထုတ်လုပ်သူနဲ့ စားသုံးသူကြား ညီညွတ်မျှတအောင်ဆောင်ရွက်နိုင်ဖို့ အထူးလိုအပ်ပါ တယ်။ ဆန်စပါးစိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူလက်ဝယ်မှာ စားသုံးသူလက်ဝယ်ရောက်တဲ့အထိ ကွင်းပွဲစား၊ ကုန်သည်စက်ပိုင် နဝလီ၊ ကြိတ်ရောင်းသူ၊ နယ်ပွဲစားကြီး၊ မြို့များရှိ ဆန်လက်ကားပွဲရုံ နယ်ပွဲရုံ လက်လီဆိုင်စသည်ဖြင့် အဆင့် ၉ ဆင့် လောက်ထိဖြတ်သန်းရတဲ့အတွက် စားသုံးသူများရဲ့ ပေးရတဲ့ ဈေးနှုန်းမှာ ဝန်ဆောင်မှုစရိတ်များ၊ သယ်ယူပို့ဆောင်ရေးစရိတ်များ ထိုက်သင့်သလောက် ပါဝင်တာ တွေ့ရပါတယ်။ ကွင်းထဲမှာတောင်သူရောင်းရ တဲ့စပါးကွင်းဈေးအလိုက် ဆန်စက်မှာ ကြိတ်ခွဲပြီး ဆန်ဖြစ်လာတဲ့အချိန်မှာ ဆန်တစ်ပြည်တဲ့ကျတဲ့ အရင်းတန်းဖိုးများကို အနီးစပ်ဆုံး တွက်ကြည့်မယ်ဆိုရင် ကွင်းဈေးစပါးတင်း ၁၀၀၊ ၃၃၀၀၀၀ ကျပ်နဲ့ဆိုရင် ဆန်တစ်ပြည်အရင်း ၅၆၀ ကျပ်ခန့် စပါးဈေး ၃၅၀၀၀၀ နဲ့ဆိုရင် ဆန်တစ်ပြည်အရင်း ၆၀၀ ကျပ်ခန့် အသီးသီးကျသင့်ကြောင်း တွက်ချက်ရရှိပါတယ်။ ဒီအရင်းတန်ဖိုးဟာ အဆင့် ၉ ဆင့်မှာ တတိယအဆင့်နှင့် စတုတ္ထအဆင့်ဖြစ်တဲ့ စက်ပိုင်နှင့် နဝလီရောင်းသူများရဲ့လက်ဝယ်မှာ ကျသင့်တဲ့အရင်း တန်ဖိုးသာဖြစ်ပါတယ်။ ဒီပေါ်မှာ ထုတ်ပိုးပစ္စည်းတန်ဖိုး အဆင့်ဆင့်သော အလုပ်သမားခများ၊ သယ်ယူပို့ဆောင်ခနှင့် ဝန်ဆောင်ခတွေ ထပ်ပေါင်းပြီးမှ စားသုံးသူရဲ့ ဝယ်ဈေးဖြစ်လာပါတယ်။ ဒါကြောင့် ကုန်ပစ္စည်းများကို ရောင်းသူနှင့် ဝယ်သူ တိုက်ရိုက်ရောင်းချနိုင်ခြင်းဖြင့် မလိုလားအပ်တဲ့ စရိတ်စကများ သက်သာစေမှာဖြစ်တဲ့အတွက် ကုန်စည်ဒိုင်အချင်းချင်း ကုန်သည်အသင်းအဖွဲ့အချင်းချင်း တိုက်ရိုက်ချိတ်ဆက်ရောင်းချရတဲ့ အလေ့အကျင့်ဖြစ်အောင် လက်ကမ်းကုန်စည်ဒိုင်များ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲများကို မကြာခဏကျင်းပပြီး ပြည်တွင်းကုန်စည်ရောင်းဝယ်မှုဖွံ့ဖြိုးတိုးတက် အောင်စီစဉ်ဆောင်ရွက်ပေးလျက် ရှိပါတယ်။ မတ်လ ၂ ရက်နေ့ကပဲ ဆန်စက်ပြပွဲများလုပ်ရင်းနဲ့ပဲ ဒီနေ့ပဲဆန်စက်ပိုင်ရှင်များ၊ ဆန်ကုန်သည်များနှင့် တောင်သူများကို ဝပ်ရှော့ Seminar များ၊ Work Shop များလုပ်ပေးပြီး ၃ ရက် ဆက်တိုက်လုပ်ပေးသွားမှာဖြစ်ပါတယ်။ ထိုကဲ့သို့ပဲ ပြည်တွင်းကုန်စည် ရောင်းဝယ်မှုဖွံ့ဖြိုးတိုးတက် အောင် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသလို လက်ရှိဖွင့်လှစ်ပြီး လက်ကမ်းကုန်စည်ဒိုင်ပေါင်း ၄၄ ဒိုင်ရှိပြီး ရန်ကုန်မှာ ဘုရင့်နောင်ကုန်စည်ဒိုင်၊ ဆန်စပါးကုန်စည်ဒိုင် ဝါးတန်းနှင့် မန္တလေးမှာ ပွဲစားကုန်သည် စက်ပိုင်များ၊ မဟာကထိန်တော်အသင်းကုန်စည်ဒိုင်တို့ဟာ ကုန်စည်ကူးသန်းရောင်းဝယ်မှုမှာ အဓိကကျတဲ့ ကုန်စည်ဒိုင်များအဖြစ် ရပ်တည်နေပြီဖြစ်ပါတယ်။ ကုန်စည်ဒိုင်အသစ်များ ဆက်လက် ဖွင့်လှစ်ရေးကိုလည်း ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကုန်စည်ဒိုင်များကိုလည်း

အလိုအလျောက် ဖြေကြားစက်များ လယ်သမားများအသုံးဝင်နိုင်အောင်လည်း အရေးကြီးတဲ့နေရာတွေမှာ တပ်ထားပြီးလည်း ဖြစ်ပါတယ်။ ဆက်လက်ပြီး မြန်မာနိုင်ငံမှာ ဆန်စပါးများထွက်တဲ့ ပိုလျှံတဲ့ဒေသဖြစ်တဲ့ ပုသိမ်၊ လူဦးရေထူထပ်တဲ့ ရန်ကုန်မြို့တို့ရဲ့ အချိန်ကာလအလိုက်ဖြစ်ပေါ်ခဲ့တဲ့ ဧည့်မထအလိုက် ဆန်တစ်ပြည် လက်လီဈေးနှုန်းများကို ကောက်နုတ်နှိုင်းယှဉ်တင်ပြရမယ်ဆိုရင် ၂၀၁၁ ခုနှစ်၊ ဧပြီလက ပုသိမ်မှာ ဆန်တစ်ပြည် ၆၇၀ ဒီနေရာမှာ ကျွန်တော် ဧည့်မထနဲ့ပဲတွက်ခြင်းဖြစ်ပါတယ်။ ရန်ကုန်မှာ ၇၅၀ အသီးသီးရှိခဲ့ပြီး ၂၀၁၂ ခုနှစ်၊ ဧပြီလမှာ ပုသိမ်မှာ ၅၉၅ ကျပ်၊ ရန်ကုန်မှာ ၆၅၀ ကျပ်အသီးသီး ဖြစ်ပေါ် ခဲ့ပြီး လက်ရှိကာလဖြစ်တဲ့ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလကုန်ပိုင်းမှာ ပုသိမ်မှာ ၆၁၀၊ ရန်ကုန်မှာ ၇၅၀ ကျပ်ဖြစ်တဲ့အတွက် လက်ရှိဖြစ်ပေါ်နေတဲ့ လက်လီဆန်ဈေးနှုန်းများဟာ ထုတ်လုပ်မှုကုန်ကျစရိတ် ဝန်ဆောင်မှုစရိတ်နှင့် သယ်ယူပို့ဆောင်ခစတဲ့ စရိတ်စကများအရတွက်ကြည့်ရင် ဒေသအလိုက် ဖြစ်သင့်ဖြစ်ထိုက်တဲ့ ဈေးနှုန်းတည်ငြိမ်နေတာကိုတွေ့ရမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီလကဆန်ဈေးဟာ ထုတ်လုပ်မှုကုန်ကျစရိတ်အောက်ရောက်သွားပါတယ်။ တချို့ရေစိုမိုးမိပျက်စီးတဲ့ဆန်တွေဟာ ၃၀၀၀၀ အောက်ရတဲ့အတွက် ဥက္ကဋ္ဌကြီး ကျွန်တော်ကိုတာဝန်ပေးတဲ့အတွက် သက်ဆိုင်ရာအရန်ဆန်ဝယ်ယူရေးကော်မတီနဲ့ ညှိနှိုင်းပြီးတော့ အရန်ဆန်ဝယ်ယူခြင်း လိုအပ်တဲ့နေရာမှာ စပါးဝယ်ယူခြင်းဖြစ်တဲ့အတွက်ကြောင့် စပါးဈေးဟာ လက်ရှိ ၃၅၀၀၀ ကနေ ၄၅၀၀၀ အထိ ဖြစ်လာတဲ့အနေအထားရှိပါတယ်။ ဆက်လက်ပြီး စားသုံးဆီထဲက ပဲဆီနှင့် စားအုန်းဆီ လက်လီဈေးနှုန်းကို သုံးသပ်တင်ပြလိုပါတယ်။ ပဲဆီဈေးနှုန်းကို ရန်ကုန်မြို့ပေါ်မှာ စည်ပင်ဈေးများမှာဖြစ်ပေါ်နေခဲ့တဲ့ လက်လီတစ်ပိဿာဈေးနှုန်းကို တင်ပြရရင် ၂၀၁၁ ခုနှစ်၊ ဧပြီလက ၄၀၀၀ ကျပ်၊ တစ်နေ့ကျ ၂၀၁၂ ခုနှစ်၊ ဧပြီလက ၃၈၀၀ ကျပ်၊ ၂၀၁၃ ခုနှစ်မှာ တစ်နှစ်နဲ့ ၁၀ လကြာ ဖေဖော်ဝါရီလကုန်မှာ ၄၆၀၀ ကျပ်အသီးသီးဖြစ်ခဲ့လို့ ဈေးအတက်အကျအနည်းငယ်ရှိတယ်လို့ သုံးသပ်ရပါတယ်။ ဒါပေမယ့် အခြေခံလူတန်းစားဖြစ်တဲ့ လက်လုပ်လက်စားအများစုဟာ ဈေးနှုန်းကြီးမြင့်တဲ့ပဲဆီကို အများအပြား ဝယ်ယူစားသုံးလေ့မရှိဘဲ အခြေခံလူတန်းစားအများစုဟာ ဈေးနှုန်းသက်သာတဲ့စားအုန်းဆီကိုသာ အဓိကထားဝယ်ယူစားသုံးလေ့ရှိတာကြောင့် ပြည်ထောင်စုကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီအနေနဲ့ စားအုန်းဆီတင်သွင်းရာမှာ ကျန်းမာရေးနှင့်ညီညွတ်တဲ့ဆီများကိုသာတင်သွင်းရေးနဲ့ ကမ္ဘာ့စားအုန်းဆီ ပေါက်ဈေးအပေါ်အခြေခံပြီး ဖြစ်ပေါ်လာတဲ့ဈေးနှုန်းအတိုင်း သက်သက်သာသာဝယ်ယူစားသုံးနိုင်အောင် အလေးထားစီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ စားအုန်းဆီတင်သွင်းခြင်းနှင့် ပတ်သက်ပြီးတော့လည်းပဲ ကျွန်တော်တို့အစိုးရအသစ်တက်လာလာခြင်းမှာပဲ မည်သူမဆိုတင်သွင်းခွင့်ပြု

ခဲ့ပါတယ်။ အဲဒီအတွက်လည်းပဲ စားအုန်းဆီဈေးနှုန်းဟာ ဒီနေ့ မလေးရှား၊ အင်ဒိုနီးရှားဈေးနှုန်းနဲ့ စရိတ်စက လောက်ပဲတက်ပြီးတော့ တည်ငြိမ်နေတာကို တွေ့ရပါတယ်။ တချို့လတွေမှာ ရန်ကုန်မှာ စားအုန်းဆီ ၁ ပိဿာကို ၁၃၀၀ ပတ်ဝန်းကျင်လောက်ပဲရှိပါတယ်။ တင်သွင်းလာတဲ့သူတွေဟာ တချို့ ဘဏ်တိုး လောက်ပဲယူပြီးတော့ တင်သွင်းလာတဲ့ အနေအထားမျိုးတွေ့ရှိရပါတယ်။ ဒါကိုလည်းပဲ ကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီအနေနဲ့ပဲ စနစ်တကျတင်သွင်းသည့်မှဖြန့်ဖြူးသည့်အထိ ဆောင်ရွက်ပေးလျက် ရှိပါတယ်။ စနစ်တကျတင်သွင်းခြင်းပြုတဲ့နေရာမှာလည်း ဆီနမူနာဦးစွာရယူ ပြီးတော့ ကျန်းမာရေးနှင့်ညီညွတ်ပြီး စားသုံးရန်သင့်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဌာန FDA ရဲ့ထောက်ခံချက်ရရှိပြီးမှတင်သွင်းခွင့် လိုင်စင် ထုတ်ပေးပါတယ်။ ဒါ့အပြင် ပြည်တွင်းမှာရောက်ရှိလာရင်လည်းပဲ ချက်ချင်းဈေးကွက်တင်ပို့ခွင့် မပေးဘဲ ရောက်ရှိလာတဲ့ စားအုန်းဆီနမူနာများကို FDA သို့ပေးပို့စစ်ဆေးပြီး စားသုံးရန်သင့်ကြောင်း ထောက်ခံချက်ရရှိမှသာ ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးခွင့်ပြုလျက်ရှိပါတယ်။ ဒါ စောစောက ကျန်းမာရေးဒုတိယဝန်ကြီးလည်း ဖြေပါတယ်။ အဲဒီလို စနစ်တကျလုပ်သော်လည်းပဲ တစ်ဖက်က လည်းပဲ မမှန်ကန်တဲ့ မြောင်းဆီတွေကို နယ်စပ်ဒေသအသီးသီးကဝင်လာတဲ့အတွက်ကြောင့် ကျွန်တော် တို့ **Mobile Team** ဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာစည်ပင်ဈေးတွေမှာလည်း ကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီအနေနဲ့ ဒါကျွန်တော်တို့ သွားရောက်စစ်ဆေးပြီးတော့ အရေးယူပေးလျက် လည်းရှိပါတယ်။ ကမ္ဘာ့နိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများရဲ့ စားအုန်းဆီတင်သွင်းမှုကို ကြည့်ရင် အိန္ဒိယနိုင်ငံနှစ်စဉ် တန်ချိန် ၇ သန်းကျော်၊ တရုတ်နိုင်ငံမှာ တန်ချိန် ၆ သန်းကျော်၊ ပါကစ္စတန်နိုင်ငံ နှစ်စဉ် တန်ချိန် ၂ သန်းကျော၊ အီဂျစ်နိုင်ငံနှစ်စဉ် တန်ချိန် ၁ သန်းကျော်၊ အမေရိကန်နိုင်ငံ နှစ်စဉ်တန်ချိန် ၁ သန်းကျော်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ တန်ချိန် ၁ သန်းခန့်၊ စင်ကာပူနိုင်ငံမှာ တန်ချိန် ၁ သန်းခန့်၊ ဗီယက်နမ်နိုင်ငံက တန်ချိန် ၁ သန်းခန့် တင်သွင်းစားသုံးတာကိုတွေ့ရပါတယ်။ မြန်မာနိုင်ငံ အနေနဲ့ နှစ်စဉ်စားသုံးဆီတန်ချိန် ၃၀၀၀၀၀ မှ ၃၅၀၀၀၀ အထိ တင်သွင်းခဲ့ပါတယ်။ ယခုအခါ စားသုံးသူပြည်သူများ အရည်အသွေးပိုမိုကောင်းမွန်သော စားအုန်းဆီကိုစားသုံးနိုင်ရန်အတွက် ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီနဲ့ မြန်မာနိုင်ငံဆီလုပ်ငန်းရှင်များအသင်းနဲ့ ညှိနှိုင်းပြီးတော့ ယခင်က စားအုန်းဆီအရည်အသွေးကို **ကလောပွိုင့်** 10 အဖြစ်သာတင်သွင်းနေခြင်းအစား အရည် အသွေးပိုမိုကောင်းမွန်တဲ့ **ကလောပွိုင့်** 8 အဆင့်ရှိတဲ့ စားအုန်းဆီများကို တင်သွင်းခွင့်ပြုပေးလျက်ရှိ ပါတယ်။ ဒါ့အပြင် ခရီးဝေးကွာတဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့မှာ ဒေသခံပြည်သူများက

ပင်လယ် ရေကြောင်းမှရန်ကုန်ကိုတင်သွင်းလာတဲ့ စားအုန်းဆီကို အဆင့်ဆင့်သယ်ယူရောင်းချရတဲ့ အတွက် ဈေးနှုန်းကြီးမြင့်စွာ ဝယ်ယူစားသုံးခြင်း၊ တစ်ဖက်နိုင်ငံမှ အရည်အသွေးစစ်ဆေးခြင်းမရှိတဲ့ စားအုန်းဆီများ တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ဈေးကွက်အတွင်း ဝင်ရောက်လာတာများကို စားသုံးနေရခြင်းရှိတာကြောင့် နယ်စပ်ဒေသများမှာ စနစ်တကျတင်သွင်းလိုကြောင်း တင်ပြလာတဲ့ အတွက် ယခုဆိုလို့ရှိရင် မြဝတီ၊ မြိတ်၊ ကော့သောင်း၊ တာချီလိတ်စတဲ့ နယ်စပ်ဒေသများပါ အပါအဝင် ကုန်သွယ်ရေး စခန်းများမှတစ်ဆင့် စားအုန်းဆီတင်သွင်းရန် လျှောက်ထားလာမှုများကို ပင်လယ် ရေကြောင်းမှ တင်သွင်းတဲ့ လုပ်ငန်းနည်းစနစ်များအတိုင်း လိုင်စင်လျှောက်ထားစဉ် FDA ရဲ့ ထောက်ခံချက်ရယူ စစ်ဆေးပြီးမှ ခွင့်ပြုပေးခြင်း၊ ရောက်ရှိလာတဲ့ဆီများကို FDA မှစစ်ဆေးပြီး စားသုံးရန် သင့်ကြောင်း ထောက်ခံချက်ရှိမှသာ ဈေးကွက်အတွင်း ဖြန့်ဖြူးစေခြင်းစတဲ့ စနစ်များနဲ့ ဆောင်ရွက်ခွင့်ပြုပေးနေပြီ ဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနနဲ့လည်းပဲ ကျွန်တော်တို့နဲ့ FDA စစ်ဆေးဖို့အတွက် ဝန်ထမ်းတွေတိုးပေးဖို့ ညှိနှိုင်းထားပြီးလည်းဖြစ်ပါတယ်။ လူအများစားသုံးတဲ့ စားအုန်းဆီရဲ့ ရန်ကုန်မြို့ စည်ပင်သာယာဈေးအတွင်းမှာ ရောင်းချခဲ့တဲ့ လက်လီတစ်ပိဿာဈေးနှုန်းကို ကာလအလိုက် နှိုင်းယှဉ်ကြည့်ရင် ၂၀၁၁ ခုနှစ် အစိုးရအသစ်တက်တက်ခြင်းမှာပဲ ဧပြီလ တစ်ပိဿာ ကို ၂၆၀၀ ရှိပါတယ်။ တစ်နှစ်အကြာ ၂၀၁၂ ခုနှစ်မှာ ဧပြီလ ၂၁၀၀ ရှိပါတယ်။ တစ်နှစ် ၁၀ လအကြာ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလကုန်မှာ ၁၅၅၀ ကျပ်အသီးသီး ဖြစ်ခဲ့တာကြောင့် စားအုန်းဆီဈေးနှုန်းများ ကျဆင်းနေတာကို တွေ့ရပြီး ဖြစ်သင့်ဖြစ်ထိုက်တဲ့ ဈေးနှုန်းအတိုင်း ဖြစ်ပေါ်နေတယ်လို့ တင်ပြလို ပါတယ်။ လက်ရှိဖြစ်ပေါ်နေတဲ့ စားအုန်းဆီဈေးနှုန်းဟာ ကမ္ဘာ့စားအုန်းဆီဈေးနှုန်းအတက်အကျနဲ့ ဒေါ်လာဈေး အတက်အကျပေါ်မူတည်ပြီး အပြောင်းအလဲအနည်းငယ်ရှိသည့်မှအပ ကမ္ဘာ့စားအုန်းဆီ ဈေးနှုန်းနဲ့ လိုက်လျောညီထွေစွာဖြစ်ပေါ်နေတဲ့ ဈေးနှုန်းအတိုင်းရှိနေတယ်လို့ တင်ပြလိုပါတယ်။ ဆက်လက်ပြီး သား၊ ငါးဈေးအခြေအနေကို တင်ပြလိုပါတယ်။ လူအများစားသုံးတဲ့ မွေးမြူရေးငါး ငါးမြစ်ချင်းဟာ စည်ပင်သာယာဈေးဆိုတဲ့နေရာမှာ ဒီနေရာမှာ အင်းစိန်ဈေးကို ယူထားပြီးဖြစ်ပါတယ်။ လက်လီ တစ်ပိဿာဈေးနှုန်းမှာ ကာလအလိုက်နှိုင်းယှဉ်တင်ပြရရင် ၂၀၁၁ ခုနှစ်၊ ဧပြီလမှာ ၂၅၀၀ ကျပ် တစ်နှစ်အကြာ ၂၀၁၂ ဧပြီလမှာ ၂၅၀၀ ကျပ်၊ ၂၀၁၃ ခုနှစ် တစ်နှစ်နဲ့ ၁၀ လအကြာ ဖေဖော်ဝါရီလမှာ ၂၂၀၀ ကျပ်အသီးသီး ဈေးနှုန်းဖြစ်ပေါ်နေပါတယ်။ အလားတူအသုံးများတဲ့ ကြက်သားဈေးဟာ ၂၀၁၁ ခုနှစ်၊ ဧပြီလ ၆၀၀၀ ကျပ်၊ တစ်နှစ်အကြာ ၂၀၁၂ ခုနှစ်၊ ဧပြီလ ၅၀၀၀ ကျပ်နှင့် တစ်နှစ်နှင့် ၁၀ လအကြာ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလကုန်မှာ ၅၀၀၀ ကျပ်အသီးသီးဖြစ်ခဲ့လို

ငါးမြစ်ချင်းနှင့် ကြက်သားဈေးနှုန်းဟာ မြင့်တက်မှုမရှိတဲ့အပြင် တည်ငြိမ်နေတာကနေ အနည်းငယ်ကျ ဆင်းသွားတယ်လို့ ပြောနိုင်ပါတယ်။ ဝက်သားဈေးနှုန်းများကို ရန်ကုန်မြို့စည်ပင်သာယာဈေးအတွင်း လက်လီတစ်ပိဿာဈေးနှုန်းကို ကာလအလိုက် နှိုင်းယှဉ်တင်ပြရမယ်ဆိုရင် ၂၀၁၁ ခုနှစ်၊ ဧပြီလ ၆၀၀၀ ကျပ်၊ တစ်နှစ်အကြာ ၂၀၁၂ ခုနှစ်၊ ဧပြီလ ၆၀၀၀ ကျပ်နှင့် တစ်နှစ် ၁၀ လအကြာ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလကုန်မှာ ၇၀၀၀ ကျပ် ဈေးနှုန်းအသီးသီးဖြစ်ပေါ်ခဲ့ပါတယ်။ အမဲသားဈေးနှုန်းများကို ရန်ကုန်မြို့စည်ပင်သာယာဈေးအတွင်း လက်လီတစ်ပိဿာဈေးနှုန်းကို ကာလအလိုက် နှိုင်းယှဉ်တင်ပြ ရမယ်ဆိုရင် ၂၀၁၁ ခုနှစ်၊ ဧပြီလ ၅၀၀၀ ကျပ်၊ တစ်နှစ်အကြာ ၂၀၁၂ ခုနှစ်၊ ဧပြီလ ၅၀၀၀ ကျပ်နှင့် တစ်နှစ်နဲ့ ၁၀ လအကြာ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလကုန်မှာ ၆၀၀၀ ကျပ် အသီးသီးဖြစ်ပေါ်ခဲ့တဲ့ အတွက် ဝက်သားနှင့်အမဲသားဈေးနှုန်းဟာ တည်ငြိမ်နေရာက ၁၀ ရာခိုင်နှုန်းခန့်နဲ့ ၁၇ ရာခိုင်နှုန်းခန့် အနည်းငယ်ဈေးတက်လာတယ်လို့ သုံးသပ်ရပါတယ်။ အမဲသားဈေးတက်တာကတော့ အေးခဲ အမဲသားတွေ မှောင်ခိုထွက်တာလည်းရှိပါတယ်။ ဒါကိုလည်း ဝန်ကြီးဌာနက ပြင်းပြင်းထန်ထန်အရေး ယူပေးနေတဲ့ အနေအထားမျိုးရှိပါတယ်။ လူအများသုံးတဲ့ ကြက်ဥတစ်လုံးရဲ့ဈေးနှုန်းဟာ ရန်ကုန်မြို့ စည်ပင်ဈေးများအတွင်းမှာ ကာလအလိုက် နှိုင်းယှဉ်တင်ပြရမယ်ဆိုရင် ၂၀၁၁ ခုနှစ်၊ ဧပြီလက ၁၀၀ ကျပ်၊ ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁၀၀ ကျပ်နှင့် တစ်နှစ် ၁၀ လအကြာ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလကုန်မှာ ၉၀ ကျပ်ဖြစ်လို့ ဈေးအနည်းငယ်ကျခဲ့တာတွေ့ရပါတယ်။ ရာသီအလိုက်ပေါ်နေတဲ့ ဟင်းသီးဟင်းရွက် များကတော့ ထွက်ပေါ်နေတဲ့ ရာသီအလိုက် ဈေးအတက်အကျရှိတာကလွဲလို့ ပုံမှန်ရှိနေတဲ့အတွက် တည်ငြိမ်နေတယ်လို့ သုံးသပ်တင်ပြလိုပါတယ်။ အခြေခံစားကုန်များရဲ့ ကုန်ဈေးနှုန်းနဲ့ ပတ်သက်လို့ အဓိကထားတင်ပြလိုတဲ့အချက်ကတော့ ပြည်ပက တင်သွင်းလာတဲ့စားအုန်းဆီကလွဲလို့ ကျန်တဲ့အခြေခံ ကုန်ပစ္စည်း အများစုကတော့ အခြေခံလူတန်းစားဖြစ်တဲ့ တောင်သူလယ်သမားများနဲ့ ကျေးလက်နေ ပြည်သူများက စိုက်ပျိုးမွေးမြူထုတ်လုပ်တဲ့ ပစ္စည်းများဖြစ်တဲ့အတွက် ဆန်ဈေးသိပ်ကျလွန်းရင် စပါးဈေးများပါ ကျဆင်းသွားပြီးတော့ စိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူအများစုအကျိုးစီးပွား ထိခိုက်နစ်နာကြမှာ ဖြစ်သလိုမွေးမြူထွက်ရှိတဲ့ သားငါးဈေးတွေ ကျဆင်းလွန်းရင်လည်းပဲ မွေးမြူ ထုတ်လုပ်တဲ့ တစ်ပိုင်တစ်နိုင်မွေးမြူရေးသမားများအပါအဝင် လုပ်ငန်းလုပ်ကိုင်သူများ ဆက်လက် ရပ်တည်နိုင်ဖို့ခက်ခဲသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ စားအုန်းဆီတန်ချိန် ၃၀၀၀၀၀ ကနေ ၃၅၀၀၀၀ အထိ တင်ပို့ခဲ့တဲ့အတွက် ဦးဘိုကြီးဆိုရင် ကျွန်တော့်ကို အမြဲတမ်းပြောပါတယ်။ ပြည်တွင်း မှာ ရှိတဲ့ဆီစက်များ၊ ပြည်တွင်းမှာရှိတဲ့ ပဲဆီ၊ နှမ်းဆီထုတ်တဲ့ တောင်သူလယ်သမားများအတွက်

နစ်နာတာလည်း ရှိပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့မှာ အများစားသုံးနိုင်တဲ့အတွက်ကြောင့် စားအုန်းဆီတင်သွင်းမှုကို တဖြည်းဖြည်းချင်းတော့ လျှော့ချမှာ ဖြစ်ပါတယ်။ အခုအချိန်မှာတော့ ကျွန်တော် စားအုန်းဆီကို စောစောကပြောသလို တန်ချိန် ၃၀၀၀၀၀ ကနေ ၃၅၀၀၀၀ အထိ တင်ပို့နေရတုန်းပဲဖြစ်ပါတယ်။ ဒါကြောင့်လည်းပဲ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီးနဲ့ မြေပဲ၊ နှမ်း ထုတ်လုပ်တဲ့နေရာမှာ ပိုမိုထုတ်လုပ်နိုင်ပြီးတော့ တဖြည်းဖြည်းနဲ့ စားအုန်းဆီ လျှော့ချဖို့လည်း ဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုပါတယ်။ ဒါကြောင့် ပြည်ထောင်စုကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီအနေနဲ့စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနဲ့ စားသုံးသူများ အကြားမှာ နှစ်ဦး နှစ်ဖက် သင့်တင့်မျှတတဲ့ အကျိုးဖြစ်စေဖို့ ဦးစားပေးညှိနှိုင်း စီစဉ်ဆောင်ရွက်လျက်ရှိနေပြီး မျက်ခြေမပျက် သုံးသပ်စီစဉ်ပေးလျက်ရှိနေပါတယ်။ ထုတ်လုပ်တဲ့ဒေသမှာ သုံးစွဲမယ့်ဒေသကို ပို့ဆောင်တဲ့ ကုန်စည်စီးဆင်းမှုများ လွတ်လပ်စွာ ရှိနေစေဖို့၊ ကုန်သွယ်မှု အတားအဆီးများ မရှိနေစေဖို့ ကိစ္စများကို အချိန်နှင့်တစ်ပြေးညီ ဦးစားပေး ညှိနှိုင်းပေါင်းစပ်ပေးလျက်ရှိကြောင်းတင်ပြလိုပါတယ်။ ဥပမာ ကျွန်တော်တို့ ကုန်တင်ယာဉ်များဟာ အာဆီယံစံချိန်စံညွှန်းအရ သတ်မှတ်တဲ့အတွက်ကြောင့် ကားခတွေ ကြီးမြင့်လာတာရှိပါတယ်။ သို့သော်လည်းပဲ အချိန်ကာလတစ်ခုသတ်မှတ်ပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးနဲ့ ညှိနှိုင်းပြီးတော့ ဖြေလျှော့ပေးခဲ့ရတာမျိုးတွေ ပြည်ထောင်စုကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီအနေနဲ့ ဆောင်ရွက်ပေးခဲ့ရတာမျိုးတွေ ရှိပါတယ်။ နိဂုံးချုပ်အနေနဲ့ အထက်မှာ တင်ပြခဲ့တဲ့ အခြေအနေများအရ စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့အခြေခံ စားသောက်ကုန်များဖြစ်တဲ့ ဆန်၊ ဆီ၊ သားငါး အပါအဝင် အခြေခံစားသောက်ကုန်ဈေးနှုန်း သတင်း အချက်အလက်များကို နေ့စဉ် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့နယ်များမှာ နေ့စဉ် သတင်းရယူ သုံးသပ် တင်ပြလျက်ရှိပြီး ရရှိတဲ့သတင်းအချက်အလက်များအပေါ် အခြေခံပြီးတော့လိုအပ်သည် များကို ပေါင်းစပ်စီစဉ် ဆောင်ရွက်ပေးခြင်းများ၊ လစဉ်ကျင်းပတဲ့ ပြည်ထောင်စုကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီအစည်းအဝေးများမှာ သက်ဆိုင်ရာပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့ကိုယ်စားလှယ်များ ၊ မြို့တော်စည်ပင်သာယာရေးကော်မတီများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ ပူးပေါင်းပါဝင်ညှိနှိုင်းဆွေးနွေးစေပြီး ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့စေရန်နှင့် အခြေခံစားကုန်အပါအဝင် ကုန်ဈေးနှုန်းများတည်ငြိမ်အောင် စီစဉ် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါကြောင့် ညောင်ဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြိုင်ကိုယ်စား ဦးကိုကြီးရဲ့ မြန်မာနိုင်ငံရဲ့အခြေခံစားသောက်ကုန်များဈေးနှုန်းဟာ

မတည်ငြိမ်ပဲ လက်လုပ်လက်စားများရဲ့ ရရှိသော ဝင်ငွေနဲ့ တစ်နေ့တခြားတက်လာသော မရှိမဖြစ် ဆန်၊ ဆီနှင့်သားငါးအစရှိသော အခြေခံစားကုန်ဈေးနှုန်းများ တည်ငြိမ်စွာဖြစ်စေရေးအတွက် နိုင်ငံတော် အစိုးရအား တိုက်တွန်းကြောင်း မေးခွန်းမှာ ပါရှိသကဲ့သို့ အခြေခံစားသောက်ကုန်ဈေးနှုန်းများအား တစ်နေ့တခြား တက်လာခြင်းမျိုးမဟုတ်ဘဲနဲ့ ဈေးကွက်ရဲ့ သဘောသဘာဝအတိုင်း ရောင်းလိုအားနဲ့ ဝယ်လိုအား Supply and Demand အခြေအနေအရ ဈေးနှုန်းအတက်အကျ အနည်းငယ်သာ ရှိခြင်းဖြစ်ပါကြောင်း တွေ့ရှိရပါတယ်။ ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီမှ စီစဉ် ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဦးဏ္ဍ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ယခုလိုအသေးစိတ်ရှင်းလင်းဖြေကြား ပေးတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များပင်မကပဲနှင့် တစ်နိုင်ငံလုံးမှာရှိကြတဲ့ ပြည်သူများက လည်းသိရှိသွားနိုင်မှာ ဖြစ်ပါတယ်။ တကယ်တော့ ကုန်ဈေးနှုန်းတည်ငြိမ်မှုရှိအောင် လုပ်ရမှာဖြစ်သော် လည်း ဒီနေ့ သဘောသဘာဝကတော့ ရှေ့ကနှင့်နောက် ရှေ့တုန်းကကုန်ဈေးနှုန်းနှင့် နောက်ပိုင်း ကုန်ဈေးနှုန်းတွေဟာ တဖြည်းဖြည်းမြင့်တက်လာတဲ့သဘောရှိပါတယ်။ ရွှေဈေးကိုကြည့်မယ်ဆိုရင် လည်း ဒီအတိုင်းပဲတွေ့ရမှာ ဖြစ်ပါတယ်။ ဒါကတော့ သဘာဝပဲဖြစ်ပါတယ်။ ဒီနေ့တင်ပြသွားတဲ့ အခြေခံစားကုန်များဖြစ်ကြတဲ့ ဆန်စပါး၊ ဆီ၊ သားငါးကိစ္စများနှင့်ပတ်သက်ပြီးတော့ ဒီနေ့ မြန်မာနိုင်ငံ မှာ ထုတ်လုပ်နေတဲ့ တောင်သူလယ်သမားများ၊ မွေးမြူရေးသမားများရဲ့ အခြေအနေကိုလည်း လွှတ်တော်ကိုယ်စားလှယ်များအသိပဲဖြစ်ပါတယ်။ ထို့နည်းတူစွာပဲ စားသုံးသူများရဲ့အခြေအနေ ကိုလည်း လွှတ်တော်ကိုယ်စားလှယ်များ လေ့လာမယ်ဆိုရင် တွေ့ရှိရမှာ ဖြစ်ပါတယ်။ တစ်ခါစားသုံး သူထဲမှာ ပါတင်နေတဲ့ ဝန်ထမ်းများအခြေအနေကိုလည်း လွှတ်တော်ကိုယ်စားလှယ်များသိတဲ့အတိုင်း ဖြစ်ပါတယ်။ ဒီဟာတွေ ဘက်စုံစဉ်းစားပြီးတော့ ကုန်ဈေးနှုန်းထိန်းသိမ်းနိုင်ဖို့၊ ထုတ်လုပ်သူများ ရှင်သန်နိုင်ဖို့၊ စားသုံးသူများအဆင်ပြေနိုင်ဖို့ကိစ္စဟာ အင်မတန်မှ အရေးကြီးတဲ့ကိစ္စတစ်ခုဖြစ်သလို ခက်ခဲတဲ့ ကိစ္စ တစ်ခုလည်း ဖြစ်ပါတယ်။ ဒါဒီနေ့ နိုင်ငံတကာမှာ ကြုံတွေ့နေရတဲ့ကိစ္စများဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဘက်စုံကကြည့်ပြီးတော့ စဉ်းစားရမယ့်ကိစ္စမှာ ဆန်စပါးဟာ အခြေခံစားကုန်ဖြစ်တယ်။ ဒါကြောင့်မို့လို့ စပါးဈေးနှုန်းတည်ငြိမ်အောင် ဆောင်ရွက်မယ်ဆိုလို့ရှိရင်လည်း ဒီနေ့ လယ်သမားများ ထိခိုက်ခဲ့တယ်၊ ထိခိုက်နေတယ်။ ဒါလည်း လွှတ်တော်ကိုယ်စားလှယ်များ ဒီလိုဆွေးနွေးသွားတာ ရှိပါတယ်။ ဒီအတိုင်းပဲ ကုန်ဈေးနှုန်းမြင့်လာလို့ရှိရင်လည်း စားသုံးသူများထိခိုက်မယ်။ ဒါလည်းအမှန်

တရားပါပဲ။ ဒီဟာတွေကို ထိန်းညှိဆောင်ရွက်ပေးနိုင်ဖို့ကတော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေကော၊ သက်ဆိုင်ရာ အုပ်ချုပ်ရေးစီမံခန့်ခွဲရေးမှာရှိတဲ့ သူများပါ တာဝန်ရှိတာဖြစ်ပါတယ်။ သဘောကတော့ ခုနတင်ပြတဲ့နေရာမှာ လစာတိုးလို့ရှိရင် ကုန်ဈေးနှုန်းလိုက်တိုးနေတဲ့ဆိုတဲ့ကိစ္စက ပြန်သုံးသပ်မယ်ဆိုရင် ကုန်ဈေးနှုန်းများဟာ သူနိုင်ငံနှင့်သူ အမြဲတမ်းတက်နေတာရှိပါတယ်။ အဲ့ဒီအတိုင်းပဲ လစာ၊ လုပ်ခများဟာလည်း ဖြစ်ပေါ်နေတဲ့အခြေအနေပေါ်မူတည်ပြီးတော့လိုက်ပြီးတော့ တိုးပေးနေရတာလည်း ရှိပါတယ်။ ဒီနေ့ဆိုလို့ရှိရင် လုပ်ခ၊ လစာနှင့်ပတ်သက်ပြီးတော့နေ့စားဝန်ထမ်းတစ်ယောက်ဟာ တစ်ရက်ကို ၂၁၀၀ နှုန်းဖြစ်ခဲ့ပါတယ်။ အဲ့ဒီလို ဖြစ်ရခြင်းဟာလည်းဒီနေ့ မိမိတို့စားသုံးကြမယ့်ဆန်အပါအဝင် ကျန်တဲ့ရိက္ခာများကို ဝယ်ယူတဲ့အခါမှာလည်း တိုးတက်လာတဲ့ဈေးနှုန်းအပေါ်မူတည်ပြီးတော့ လိုက်ပါဝယ်ယူစားသုံးနိုင်အောင် ဆောင်ရွက်ပေးတယ်ဆိုတာလည်း တစ်ဖက်ဒီလိုသဘောပေါက်ဖို့ လိုကြပါတယ်။ ဒါကြောင့်မို့လို့ ဒီမေးခွန်းမေးတဲ့အခါမှာမေးခွန်းမတိုင်ခင် အဆိုတစ်ရပ်ဖြစ်တဲ့အတွက် ဒီအဆိုဟာ အဆိုရှင်ကော၊ အစိုးရဘက်က တာဝန်ရှိတဲ့အဖွဲ့အစည်းတွေကော လုပ်ရကိုင်ရဖြေရတာ အခက်အခဲဖြစ်မှာဖြစ်တဲ့အတွက် မေးခွန်းအဖြစ်ပြောင်းပါဆိုတဲ့အခါမှာ မေးခွန်းအဖြစ် ပြောင်းလာခြင်း ဖြစ်ပါတယ်။ တစ်ဆက်တည်းပဲ ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကိုလည်း မူလအဆို အဖြစ်တင်သွင်းထားတာပါ။ ခေါ်ယူညှိနှိုင်းချက်အရဦးအောင်ကိုအနေနဲ့ ဒီအဆိုအစား မေးခွန်းပြောင်းလဲမေးခြင်းဖြစ်ပါတယ်။

**ပြည်သူ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအတွက် စံစားခွင့်အရပ်ရပ်ကို အချိန်ကာလအလိုက် ပြန်လည်စိစစ်၍ လိုအပ်သလို ပြင်ဆင်တိုးမြှင့် စံစားခွင့်ပြုနိုင်ရေးနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကိုမေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**သူရဦးအောင်ကို(ကန်ပက်လက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့ကိုယ်စားလှယ်များ၊ ဧည့်သည်တော်ကြီးများ ကာယစိတ္တသုခအဖြာဖြာနှင့်ပြည့်ဝကြပါစေကြောင်း ဆုမွန်တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ ကန်ပက်လက်မဲဆန္ဒနယ်က သူရဦးအောင်ကို ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့်ကြယ်ပွင့်ပြမေးခွန်းကတော့ပြည်သူ့ဝန်ထမ်းများနှင့် အငြိမ်းစားများအတွက် စံစားခွင့်အရပ်ရပ်ကို အချိန်ကာလအလိုက် ပြန်လည်စိစစ်၍ လိုအပ်သလို ပြင်ဆင်တိုးမြှင့် စံစားခွင့်ပြုရန်အစီအစဉ်ရှိ၊ မရှိ ကြယ်ပွင့်ပြမေးခွန်း ဖြစ်ပါတယ်။

မူလက အဆိုအဖြစ်ပြုစုထားတဲ့အခါကျတော့ အနည်းငယ်ရှည်လို့မို့လို့၊ ကိန်းဂဏန်းအချက်အလက်များပါလို့မို့လို့ ဖတ်ကြားခွင့်ပြုပါရန်လည်း ခွင့်တောင်းခံအပ်ပါတယ်။

ပထမပိုင်းအနေနဲ့ ကျွန်တော်တို့နိုင်ငံမှာ ပြည်သူ့ဝန်ထမ်းများအတွက် ဌာနလုပ်ငန်းတစ်ခုဆီမှာ ရာထူးအဆင့် လစာနှုန်းကို အမှုထမ်းအဆင့်မှာ ၆ ဆင့်နှင့် အရာထမ်းအဆင့်မှာ ၆ ဆင့်၊ ပေါင်း ၁၂ ဆင့်နှင့် ဖွဲ့စည်းပြီးတော့မှ သတ်မှတ်စံစားခွင့်ပြုထားပါတယ်။ အဆိုပါစံစားခွင့်အနက် အမှုထမ်း ၆ ဆင့်မှာ အနိမ့်ဆုံးအမှုထမ်းရဲ့ တစ်လလစာငွေဟာ လစာရင်း ၃၅၀၀၀ ကျပ် ဖြစ်ပါတယ်။ အမြင့်ဆုံးအမှုထမ်းရဲ့ လစာရင်းဟာ ၆၅၀၀၀ ကျပ်သာ ဖြစ်ပါတယ်။ အနိမ့်ဆုံးဝန်ထမ်းတစ်ဦးရဲ့ တစ်ရက်ဝင်ငွေဟာ ကျပ် ၁၀၀၀ ကျော်သာရှိပြီးတော့မှ အမြင့်ဆုံးအမှုထမ်းတစ်ဦးရဲ့ တစ်ရက်လစာဝင်ငွေဟာ ကျပ် ၂၀၀၀ ကျော်သာရရှိမှာ ဖြစ်ပါတယ်။ အဲ့ဒီဝင်ငွေနဲ့ သူတို့ရဲ့မိသားစုအတွက် စားသောက်စရိတ်၊ ပညာရေးစရိတ်၊ ကျန်းမာရေးစရိတ်အပါအဝင်နှင့် နေထိုင်မှုစရိတ်အဝဝကို ဆင်းရဲပင်ပန်းစွာနှင့် ဖြေရှင်းနေကြရမှာ သေချာပါတယ်။ ယခုနိုင်ငံတော်က အပိုထောက်ပံ့ကြေးငွေ ၃၀၀၀၀ ခွင့်ပြုထားသဖြင့် အပြည့်အဝမဟုတ်သော်လည်းပဲ အချိန်ကာလတစ်ခုအထိတော့ အဆင်ပြေသွားတာ မြင်တွေ့ရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နေ့စဉ်စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးအတွက် အခက်အခဲများစွာနှင့် ဖြေရှင်းနေကြရတဲ့ အဓိက အမှုထမ်းများအနက် ရိုးသားပြီးတော့မှ အခက်အခဲကို ခါးစည်းခံနိုင်ကြတဲ့ ဝန်ထမ်းများရှိသလိုပဲ အခက်အခဲကို မခံနိုင်တော့လို့ မတရားသဖြင့်ပြုတဲ့ လာဘ်ပေးလာဘ်ယူပြုခြင်း၊ အလွဲသုံးစားပြုခြင်း၊ ခိုးယူခြင်းစသည့် အလွယ်လမ်းလိုက်မိကြတဲ့ ဝန်ထမ်းများလည်း ရှိကြပါတယ်။ ဝန်ထမ်းများလည်း အဲ့ဒီလို မတရားနည်းလမ်းကိုလိုက်လို့မို့လို့ ဆုံးရှုံးနေကြရပါတယ်။ နိုင်ငံတော်အတွက်လည်းပဲ နစ်နာမှုတွေက နေ့စဉ်၊ လစဉ်၊ နှစ်စဉ် ဖြစ်ပေါ်နေပါတယ်။ ဒီနေ့ ဝန်ထမ်းများဟာဆိုရင် ဝန်ထမ်းဘဝမှာပင် နေ့စဉ်အသုံးစရိတ်ကို အနိုင်နိုင်ဖြေရှင်းရုန်းကန်နေကြပြီးတော့မှ အငြိမ်းစားယူကြတဲ့အခါမှာဆိုရင်တော့ ရရှိမယ့်အငြိမ်းစားလစာနှင့် လုပ်သက်ဆုငွေတို့နဲ့ ဆက်လက်ဖြတ်သန်းကြရမယ့် ဘဝရဲ့စားဝတ်နေမှု၊ ပညာ၊ ကျန်းမာမှုအတွက်ကို ရတက်မအေးဖွယ်ရာနှင့် တာဝန်ထမ်းဆောင်နေကြရတာဖြစ်ပါတယ်။ လက်ရှိပင်စင်ပေးရေးဥပဒေအရ ဝန်ထမ်းဘဝမှာ လုပ်သက်အများဆုံး ၄၂ နှစ်ဖြင့် အငြိမ်းစားယူကြရတဲ့အမှုထမ်းများအနက် အနိမ့်ဆုံးအမှုထမ်းတစ်ဦးရရှိတဲ့ တစ်လုံးတစ်ခဲတည်း လုပ်သက်ဆုငွေဟာ ကျပ် ၈ သိန်းကျော်နှင့် လစဉ်ပင်စင်ငွေ ကျပ် ၂၀၀၀၀ ကျော်သာရရှိနိုင်မှာ ဖြစ်ပါတယ်။ အမြင့်ဆုံးအမှုထမ်းတစ်ဦးအနေဖြင့် တစ်လုံးတစ်ခဲတည်း လုပ်သက်

ဆုငွေ ကျပ် ၁၄ သိန်းကျော်နှင့် လစဉ်ပင်စင်ငွေ ကျပ် ၄၀၀၀၀ ကျော်သာရရှိမှာ ဖြစ်ပါတယ်။ ကျန်လုပ်သက်နည်းတဲ့ ဝန်ထမ်းများအတွက်ကတော့ ထို့ထက်ပြီးမှလျော့နည်းရရှိကြမှာ ဖြစ်တာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ထမ်းများနှင့် အငြိမ်းစားအများစုမှာ ကိုယ်ပိုင်အိမ်ရာရှိသူ လွန်စွာနည်းပါး ကြပါတယ်။ အများစုက အိမ်ငှားဘဝနှင့်နေထိုင်ကြတာလည်း တွေ့မြင်နေကြရပါတယ်။ အချို့ဝန်ထမ်းများဆိုရင် ဝန်ထမ်းဘဝစတင်တာဝန်ထမ်းဆောင်စဉ်ကတည်းက ဌာနပိုင်နေအိမ်ခန်းများမှာ နေထိုင်ကြပြီးတော့ အငြိမ်းစားယူတဲ့အခါမှာ အဲ့ဒီအိမ်ခန်းများက ဖယ်ရှားခြင်းခံရလို့မို့လို့ သူတို့ရဲ့ မိသားစုလူမှုရေးဘဝဟာ ကြီးမားတဲ့အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်းလည်းပဲ တွေ့မြင်ကြားသိနေရပါတယ်။ တာဝန်ထမ်းဆောင်တဲ့ ဝန်ထမ်းအချို့မှာတော့ဖြင့် နိုင်ငံတော်က ချမှတ်ပေးတဲ့ မြေကွက်များရရှိကြသော်လည်းပဲ နည်းပါးလှတဲ့ဝင်ငွေဖြင့် မြေကွက်တန်ဖိုးကို အနိုင်နိုင်ရှာဖွေပေးသွင်းဝယ်ယူခဲ့ကြရပါတယ်။ ဒါကြောင့်မို့လို့လည်းပဲ သင့်တင့်တဲ့နေအိမ်ဆောက်ဖို့ မတတ်နိုင်လို့ အဲ့ဒီမြေကွက်ကိုပဲ ရရှိရာ အနိမ့်ရင်းအမြတ်နဲ့ ပြန်လည်ရောင်းချနေရတာကိုလည်းပဲ တွေ့မြင်ကြားသိနေရပါတယ်။ ဝန်ထမ်းအိမ်ရာစီမံကိန်းအနေဖြင့် အခုအခါ ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်မှာ လာမည့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ဝင်ငွေနည်းမိသားစုများအတွက် တန်ဖိုးနည်းအိမ်ခန်းယူနစ် ၁၀၀၀၀ ကျော်ကို နိုင်ငံတော်ဘတ်ဂျက်မှ ကျခံဆောက်လုပ်ပေးရန် စီစဉ်ထားကြောင်းကိုလည်းပဲ ဝမ်းမြောက်ဖွယ်ရာကြားသိရပါတယ်။ ဒါ့အပြင် လွတ်လပ်တဲ့ဈေးကွက်စီးပွားရေးမူဝါဒနှင့်အညီ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့ခဲ့သော ၂၀၁၁ ခုနှစ် အနည်းဆုံးအခကြေးငွေ ဥပဒေကြမ်းကိုလည်းပဲ အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားနိုင်ဖို့အတွက်ကို ပေးပို့ထားဆဲအဆင့်မှာသာ ဖြစ်ပါတယ်။ အတည်ပြုပြဋ္ဌာန်းနိုင်ခြင်းမရှိသေးပါဘူး။ ဖော်ပြပါအဘက်ဘက်က စီစဉ်ဆောင်ရွက်ပေးနေသကဲ့သို့ ဝန်ထမ်းများနှင့်အငြိမ်းစားများအတွက်ကိုလည်းပဲ နိုင်ငံတော်မှ လိုအပ်သလိုစီစဉ်ဆောင်ရွက်ပေးနိုင်ရန် ဆက်လက်တင်ပြလိုပါတယ်။ ပြည်သူ့ဝန်ထမ်းအပိုင်းနှင့် ပတ်သက်ပြီးတော့မှ နိုင်ငံတော်မှ သတ်မှတ်ထားသော ရာထူးအဆင့်၊ လစာနှုန်းအလိုက်၊ လစာနည်းဝန်ထမ်းများကို ဦးစားပေးပြီးတော့မှ လုပ်ခ၊ လစာကို ခေတ်ကာလနှင့်အညီ ပြင်ဆင်တိုးမြှင့်သွားပါရန် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ရိုးသားကြိုးစားပြီး နိုင်ငံ့တာဝန်ကို အပြစ်ကင်းစင်စွာထမ်းဆောင်ခဲ့တဲ့ ပြည်သူ့ဝန်ထမ်းများကိုလည်းပဲ လုပ်သက်နှစ်အလိုက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပေးပါရန် အဆင့်လိုက်သင့်လျော်သည့် ဝန်ထမ်းအိမ်ရာများကို ဆောက်လုပ်ပြီးတော့ သင့်လျော်သော

တန်ဖိုးနှင့် လစဉ်အရစ်ကျလစာငွေပေးသွင်းစေပြီး ကျန်ငွေကို အငြိမ်းစားယူတဲ့နေရာမှာ တစ်လုံးတစ်ခဲ တည်းလုပ်သက်ဆုကြေးမှ အကျေဖြတ်တောက်၍ အိမ်ပိုင်များဖြစ်အောင် ဆောင်ရွက်ပေးပါရန်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံကြီးနှစ်ခု တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအများစုမှာ နိုင်ငံ့ဝန်ထမ်းများအတွက် နေအိမ်တိုက်ခန်း၊ အရာထမ်းများအတွက် မော်တော်ယာဉ်အပါအဝင် အသုံးအဆောင်ပစ္စည်းများကို လစာမှ အရစ်ကျပေးသွင်းတဲ့ စနစ်နဲ့ ရောင်းချပေးလျက်ရှိတာ ကြာခဲ့ပါပြီ။ ဒါကြောင့်မို့လို့ ဝန်ထမ်းများဟာ တာဝန်ထမ်းဆောင်ချိန် ကာလအတွင်းမှာပဲ နေအိမ်တိုက်ခန်းပိုင်၊ မော်တော်ယာဉ်ပိုင် အခြေအနေတို့ကို ရရှိကြပါတယ်။ အကယ်၍ တာဝန်ထမ်းဆောင်ချိန်ကာလအတွင်းမှာ အဂတိလိုက်စားမှု၊ တာဝန်ပျက်ကွက်မှု၊ စည်းကမ်းဖောက်ဖျက်မှုတို့ကြောင့် တာဝန်မှ ရပ်ဆဲခြင်းခံရပါက မူလသတ်မှတ်ကာလအတွင်းမှာ ကျန်တဲ့ ကြွေးကျန်ကို အကြေပြန်ဆပ်ရပါတယ်။ ပျက်ကွက်ပါက တရားစွဲဆိုပြီးမှ ပစ္စည်းများ ပြန်လည်သိမ်းဆည်းခြင်း ခံရပါတယ်။ ဒါကြောင့် လုပ်သက်ပြည့်ပင်စင်ရယူနိုင်တဲ့အချိန်အထိ တာဝန်ကို လေးလေးစားစား ထမ်းဆောင်ကြပါတယ်။ လာဘ်ပေးလာဘ်ယူမှုအပါအဝင် ဝန်ထမ်းစည်းကမ်းနှင့် မကိုက်ညီသည့် အမှုကိစ္စများကို ပြုလုပ်ရန် ထိုနိုင်ငံများမှ ဝန်ထမ်းများဟာ လွန်စွာဝန်လေးကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အရာထမ်း၊ အမှုထမ်းဝန်ထမ်းများ ကောင်းမွန်လျှင် သန့်ရှင်းသော အစိုးရဖြစ်လာပါမယ်။ သန့်ရှင်းသောအစိုးရဖြစ်လာလျှင် ကောင်းမွန်သောစီမံအုပ်ချုပ်မှုကလည်း အလိုအလျောက်ဖြစ်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အငြိမ်းစားများနှင့် ပတ်သက်ပြီးတော့ ဆက်လက်တင်ပြလိုတာကတော့ လက်ရှိအငြိမ်းစားလစာနှင့် တစ်လုံးတစ်ခဲတည်း လုပ်သက်ဆုငွေတွက်ချက်မှုကို ခေတ်ကာလနှင့်အညီ လိုအပ်သလို ပြန်လည်ညှိနှိုင်းသတ်မှတ်စံစားခွင့်ပြုပေးပါရန်၊ နောက်တစ်ချက် ကိုယ်ပိုင်အိမ်ရာမရှိသော အငြိမ်းစားယူသည့်ပုဂ္ဂိုလ်များအတွက်လည်း ရန်ကုန်တိုင်းဒေသကြီးမှ ပြည်သူများအတွက် စီစဉ်ပေးသလို အငြိမ်းစားဝန်ထမ်းများအတွက် သီးသန့်တန်ဖိုးနည်းအိမ်ရာများကို နိုင်ငံတော်မှ ဆောက်လုပ်ပြီးတော့မှ သင့်တင့်တဲ့ဈေးနှုန်းနဲ့ ဆောင်ရွက်ပေးပါရန်၊ အချုပ်အားဖြင့် လက်ရှိတာဝန်ထမ်းဆောင်နေကြတဲ့ ဝန်ထမ်းများကို ဝန်ထမ်းလောကရဲ့ အနိဋ္ဌာရုံဖြစ်တဲ့ လာဘ်ပေးလာဘ်ယူမှုပပျောက်ရေး၊ ပြည်သူပိုင်ပစ္စည်းအလွဲသုံးစားမှုပပျောက်ရေး၊ ပြည်သူပိုင်ပစ္စည်းခိုးယူမှုစသည့်အပြုအမှုများကင်းရှင်းကြစေရန်အလို့ငှာ နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် သမ္မတကြီးက လမ်းညွှန်မှာကြားထားတဲ့အတိုင်းပဲ နိုင်ငံတော်ရဲ့ တတိယအဆင့်ဖြင့် အစိုးရဌာနများ၊

အဖွဲ့အစည်းများရဲ့ စီမံခန့်ခွဲမှုစနစ် လျင်မြန်ကောင်းမွန်စွာ တိုးတက်ပြောင်းလဲလာရေးအတွက် လည်းကောင်း၊ ပြည်သူ့ဝန်ထမ်းဘဝမှာ အငြိမ်းစားယူကြရမယ့် မိမိဝန်ထမ်းများ တစ်နည်းအားဖြင့် နိုင်ငံ၏ သက်ကြီးရွယ်အိုများတို့ကို စောင့်ရှောက်ပေးသည့်အနေဖြင့်လည်းကောင်း၊ နိုင်ငံတော်အတွက် အစစအဆင်ပြေသောအချိန်တွင် ထပ်တင်ပြပါမယ်။ နိုင်ငံတော်အတွက် အစစအဆင်ပြေသော အချိန်တွင် ဖော်ပြပါအချက်များနှင့် အစီအမံများကို ဆောင်ရွက်ပေးရန်တင်ပြလိုပါတယ်။ ဒီကိစ္စဟာ ခက်ခဲသောလုပ်ငန်းကြီးမဟုတ်ပါဘူး။ နှစ်စဉ်ဝန်ကြီးဌာနများတွင် ဖြစ်ပွားနေတဲ့ လေလွင့်ဆုံးရှုံးမှုများ၊ နိုင်ငံအတွက်၊ ပြည်သူအတွက် အကျိုးအမြတ်မရရှိနိုင်တဲ့ စိတ်ကူးယဉ်လုပ်ငန်းစီမံကိန်းကြီးများ၊ ဒါတွေလျော့နည်းပပျောက်အောင် စီမံဆောင်ရွက်ပေးနိုင်လျှင်ပင် လုံလောက်မည်ဖြစ်ကြောင်း ရဲရဲကြီးအာမခံရဲပါတယ်။ ဒါကြောင့် ပြည်သူ့ဝန်ထမ်းများနှင့် အငြိမ်းစားများအတွက် စံစားခွင့်အရပ်ရပ်ကို အချိန်ကာလအလိုက် ပြန်လည်စိစစ်၍ လိုအပ်သလို ပြင်ဆင်တိုးမြှင့် စံစားခွင့်ပြုနိုင်ရန် အစီအစဉ် ရှိ၊ မရှိ။ အကယ်၍ မရှိသေးပါက အကျိုးအကြောင်းရှင်းလင်းဖြေကြားပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းရှိန်(ပြည်ထောင်စုဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ချင်းပြည်နယ်၊ ကန်ပက်လက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကိုရဲ့ ပြည်သူ့ဝန်ထမ်းများနှင့် အငြိမ်းစားများအတွက် စံစားခွင့်အရပ်ရပ်ကို အချိန်ကာလအလိုက် ပြန်လည်စိစစ်၍ လိုအပ်သလို ပြင်ဆင်တိုးမြှင့် စံစားခွင့်ပြုနိုင်ရေးမေးခွန်းနှင့်ပတ်သက်၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုမေးခွန်းတွင် ဖော်ပြထားတဲ့ ရှင်းလင်းတင်ပြချက်များဟာ ကောင်းမွန်သင့်မြတ်မှန်ကန်ပြီး လက်ရှိ ပြည်သူ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအတွက် အမှန်တကယ်ဆောင်ရွက်ပေးသင့်တဲ့ ဆောင်ရွက်ပေးရမယ့် အကြောင်းအရာကိစ္စများဖြစ်ကြပါတယ်။ ဒီအကြောင်းအရာ အချက်အလက်

များနှင့်စပ်လျဉ်းပြီး နိုင်ငံတော်က ဆောင်ရွက်ပေးခဲ့မှုများနှင့် လက်ရှိဆောင်ရွက်ပေးနေမှု၊ အနာဂတ် ဆောင်ရွက်ပေးရန် ရည်ရွယ်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြလိုပါတယ်။ ယခင် နိုင်ငံတော် အစိုးရအဆက်ဆက်မှာ နိုင်ငံ့ဝန်ထမ်းများရဲ့ လစာ၊ လုပ်ခနှုန်းထားများ ပြင်ဆင်တိုးမြှင့်ပေးခြင်း၊ ရှားပါးစရိတ် ခွင့်ပြုပေးခြင်းနှင့် အပိုထောက်ပံ့ကြေးခွင့်ပြုပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ဝန်ထမ်းများရဲ့ လစာနှုန်းထားတိုးမြှင့်ခြင်းကို ၁-၁၀-၁၉၇၂၊ ၁-၄-၁၉၈၉၊ ၁-၄-၁၉၉၃၊ ၁-၄-၂၀၀၀၊ ၁-၄-၂၀၀၆ နှင့် ၁-၁-၂၀၁၀ တို့မှာ ၆ ကြိမ်တိုင် ဆောင်ရွက်ပေးခဲ့ပါတယ်။ ယာယီရှားပါးစရိတ် ခံစားခွင့်ပြုခြင်းကို ၁-၇-၁၉၇၆ တွင် ၁ ကြိမ် ဆောင်ရွက်ပေးခဲ့ပြီး အပိုထောက်ပံ့ကြေးခံစားခွင့်ပြု ခြင်းကို ၁-၄-၁၉၈၁ နှင့် ၁-၈-၁၉၈၈ တို့မှာ ၂ ကြိမ် ဆောင်ရွက်ပေးခဲ့ပါတယ်။ ယခုပြည်ထောင်စု အစိုးရအဖွဲ့လက်ထက်မှာလည်း ၁-၇-၂၀၁၁ ရက်နေ့ကစပြီး အငြိမ်းစားဝန်ထမ်းများရဲ့ အငြိမ်းစား လစာငွေများကို တိုးမြှင့်ခံစား ခွင့်ပြုခဲ့ပါတယ်။ ထို့အပြင် ၁-၄-၂၀၁၂ ရက်နေ့ကစပြီး နိုင်ငံ့ဝန်ထမ်းများ ရဲ့ စားဝတ်နေရေးနှင့် သက်သာချောင်ချိရေးကို အထောက်အကူဖြစ်စေရန်အတွက် အပိုထောက်ပံ့ကြေး ငွေကျပ် ၃၀၀၀၀ ကိုလည်း လစဉ်တိုးမြှင့်ခံစားခွင့်ပြုခဲ့ပြီး နိုင်ငံတော်အတွင်း ဝေးလံခေါင်သီဒေသများ တွင် တာဝန်ထမ်းဆောင်နေကြတဲ့ ဝန်ထမ်းများအတွက် လက်ရှိလစဉ်ထုတ်ယူနေတဲ့ လစာနှင့်ညီမျှတဲ့ ငွေကို ဒေသစရိတ်အဖြစ်သတ်မှတ်ပြီး ထပ်ဆောင်းခံစားခွင့်ပြုခဲ့ပါတယ်။ ထို့အပြင် နိုင်ငံတော်အစိုးရ အနေနဲ့ နိုင်ငံ့ဝန်ထမ်းများအတွက် အပိုထောက်ပံ့ကြေးကိုလည်း ပိုမိုတိုးမြှင့်ထောက်ပံ့ပေးနိုင်ရန် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံ့ဝန်ထမ်းများရဲ့လစာနှင့် အငြိမ်းစားဝန်ထမ်း များရဲ့ ပင်စင်လစာငွေများကို တိုးမြှင့်ပေးနိုင်ရေးအတွက် နိုင်ငံတော်ရဲ့ ဘတ်ဂျက်အခြေအနေ၊ နိုင်ငံတော်အတွင်း လှည့်လည်သုံးစွဲနေတဲ့ ငွေကြေးအခြေအနေ၊ ငွေကြေးဖောင်းပွမှုနှင့် စားသုံးသူ ဈေးဆနှုန်းကိန်းများနှင့် တစ်မျိုးသားလုံးရဲ့ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး စတဲ့ အချက်အလက်များကိုလည်း ထည့်သွင်းစဉ်းစားတွက်ချက်ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်ရဲ့ ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးအခြေအနေနဲ့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီး ရသုံးခန့်မှန်းခြေငွေစာရင်းအရ နိုင်ငံတော်ရဲ့ ဘတ်ဂျတ်ဆိုင်ရာ အချက်အလက်တွေဟာ တင်ပြပါ အတိုင်း ဖြစ်ပါတယ်။ ရငွေစုစုပေါင်း ကျပ်သန်းပေါင်း ၁၂၇၇၄၅၂၀၊ သုံးငွေစုစုပေါင်း ကျပ်သန်းပေါင်း ၁၄၄၃၉၄၆၆ ထို့အတွက် လိုငွေ ကျပ်သန်းပေါင်း ၁၆၆၄၉၄၆ ဖြစ်ပါတယ်။ GDP တန်ဖိုးအနေနဲ့ သန်းပေါင်း ၅၁၂၇၅၇၇ ဖြစ်တဲ့ အတွက် လိုငွေနှင့် GDP အချိုးဟာ ၃.၂၅ ရာခိုင်နှုန်း ဖြစ်ပါတယ်။ နိုင်ငံတော်အတွင်းမှာ လှည့်လည် သုံးစွဲနေတဲ့ ငွေပမာဏ ကျပ်သန်းပေါင်း ၆၇၄၈၅၆၆ ဖြစ်ပါတယ်။

ငွေကြေးဖောင်းပွမှုအနေနဲ့ ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ကိန်းဂဏန်းများအရ ၁.၉၅ ရာခိုင်နှုန်း ဖြစ်ပါတယ်။ စားသုံးသူဈေးဆနှုန်းကိန်း ၂၀၁၃ ခုနှစ် ဇန်နဝါရီလအရ ၁၇၀.၈၆ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အထက်ပါသုံးငွေစုစုပေါင်း ကျပ်သန်းပေါင်း ၁၄၄၃၉၄၆၆ မှာ နိုင်ငံ့ဝန်ထမ်းများရဲ့ လစာနှင့် အငြိမ်းစားဝန်ထမ်းများရဲ့ ပင်စင် လစာအတွက်သုံးငွေမှာ တင်ပြပါအတိုင်းဖြစ်ပါတယ်။ သုံးငွေစုစုပေါင်း ကျပ်သန်းပေါင်း ၁၄၄၃၉၄၆၆ ဖြစ်ပါတယ်။ ဝန်ထမ်းလစာအတွက် သုံးငွေစုစုပေါင်း ကျပ်သန်းပေါင်း ၁၃၉၀၅၅၀.၆၉၆ ဖြစ်ပါတယ်။ ဒါကြောင့် သုံးငွေစုစုပေါင်းမှာ ဝန်ထမ်းလစာရဲ့သုံးငွေ ပါဝင်မှုဟာ ၉.၆၃ ရာခိုင်နှုန်း ဖြစ်ပါတယ်။ ဒီထဲမှာ ပင်စင်လစာငွေအတွက်သုံးငွေအနေနဲ့ သန်းပေါင်း ၃၃၁၆၄၅.၅၁၁ ဖြစ်တဲ့အတွက် သုံးငွေ စုစုပေါင်းမှာ ပင်စင်လစာငွေ သုံးငွေအတွက်ပါဝင်မှုဟာ ၂.၃၀ ရာခိုင်နှုန်းပါဝင်ပါတယ်။ ဒီသုံးငွေ စုစုပေါင်းမှာ ဝန်ထမ်းလစာရော၊ ပင်စင်လစာပါ ပူးပေါင်းပြီးတော့ တွက်မယ်ဆိုရင် သုံးငွေပါဝင်မှု အချိုးအစားဟာ ၁၁.၉၃ ရာခိုင်နှုန်းပါဝင်နေကြောင်း တင်ပြအပ်ပါ တယ်။ အထက်ဖော်ပြပါ ကိန်းဂဏန်းများအရ နိုင်ငံ့ဝန်ထမ်းများရဲ့လစာနှင့် အငြိမ်းစားဝန်ထမ်းများရဲ့ ပင်စင်လစာတိုးမြှင့်ပေး နိုင်ရေးအတွက် နိုင်ငံတော်အနေနဲ့ ရငွေပိုမိုတိုးတက်ရရှိရေး၊ သုံးငွေစိစစ် လျှော့ချရေးတို့ကို စနစ်တကျဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲရေးမဟာဗျူဟာလုပ်ငန်းစဉ်များ ချမှတ်အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အပြင် ဝန်ထမ်းများအပါအဝင် နိုင်ငံသားအားလုံးရဲ့ တစ်ဦးချင်း ဝင်ငွေ တိုးတက်ရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် နိုင်ငံတော်ရဲ့ ဘတ်ဂျက်ရသုံးခန့်မှန်းခြေငွေစာရင်းကိုလည်း ပြည်ထောင်စုအစိုးရအဖွဲ့က စနစ်တကျ စိစစ်ရေးဆွဲ တင်ပြပြီး ပြည်ထောင်စုလွှတ်တော်ကလည်း ပံ့ပိုးကူညီထိန်းကျောင်း ဆောင်ရွက်ပေးလျက်ရှိရာ အစိုးရ နှင့် လွှတ်တော်အကြား ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ပူးပေါင်းဆောင်ရွက်နေခြင်းကြောင့်လည်းကောင်း၊ နိုင်ငံတော်ရဲ့ မေခရိုစီးပွားရေးအခြေအနေကို အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့အပါအဝင် နိုင်ငံတကာစီးပွားရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းလေ့လာစောင့်ကြပ်ထိန်းကျောင်း ဆောင်ရွက်နေမှု ကြောင့်လည်းကောင်း နိုင်ငံတော်ရဲ့ ဘဏ္ဍာရေးအခြေအနေဟာ တစ်နှစ်ထက်တစ်နှစ်ပိုမိုတိုးတက် ကောင်းမွန် ပြီဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါတယ်။ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပြီး အစိုးရရဲ့ ရငွေများတိုးတက်ပြီးတော့ နိုင်ငံတော်ဘဏ္ဍာငွေ၊ ရန်ပုံငွေတောင့်တင်းလာတာနှင့်အမျှ ရေမြင့်လျှင် ကြာတင့်ဆိုသကဲ့သို့ နိုင်ငံ့ဝန်ထမ်းများရဲ့ဘဝဟာလည်း မြင့်မားလာမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ လူ့စွမ်းအားအရင်းအမြစ်၊ သဘာဝသယံဇာတအရင်းအမြစ်များ ကြွယ်ဝတယ်ဆိုတာ

မှန်ပေမယ့် အစိုးရရဲ့ ဘဏ္ဍာရေးစီမံခန့်ခွဲမှုမှာ လိုအပ်ချက်တွေ ရှိနေသေးတဲ့အတွက် ပြုပြင်ပြောင်းလဲရေးများကို ဘက်ပေါင်းစုံကနေလုပ်ဆောင်နေရခြင်းဖြစ်သည်ကို အားလုံးအသိပဲ ဖြစ်ပါတယ်။ မိမိတို့အစိုးရရဲ့ ပြုပြင်ပြောင်းလဲမှု မဟာဗျူဟာအဆင့်ဆင့် ချမှတ်လုပ်ဆောင်နေမှုများရဲ့ အနှစ်ချုပ်ရည်မှန်းချက်ဟာ နိုင်ငံ၀န်ထမ်းများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံး စား၀တ်နေရေးနှင့် လူနေမှုအဆင့်အတန်း မြင့်မားရေး၊ တစ်ဦးကျ၀င်ငွေတိုးတက်စေရေးကိုပဲ ရည်ရွယ်ခြင်းဖြစ်ပါတယ်။ နိုင်ငံတော်ရငွေရရှိမှုမှာ အဓိကအခန်းကဏ္ဍကပါဝင်တဲ့ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများရဲ့ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားရေး၊ ၀င်ငွေပိုမိုတိုးတက်ရရှိရေးအတွက် တွန်းအားပေးဆောင်ရွက်လျက်ရှိတဲ့အပြင် အရှုံးပေါ်နေတဲ့ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများအတွက် နိုင်ငံတော်ဘတ်ဂျက်ကနေ ကျခံသုံးစွဲထောက်ပံ့နေရမှု၊ ၀န်ထုပ်ဝန်ပိုးလျော့ကျသွားစေဖို့အတွက် ပုဂ္ဂလိကပိုင်လွှဲပြောင်းလုပ်ကိုင်ခွင့်ပြုရေးကိုလည်း စနစ်တကျစီမံဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် နိုင်ငံတကာနှင့်ကျင့်သုံးဆောင်ရွက်နေတဲ့ နည်းစနစ်များနှင့်ကိုက်ညီပြီး မိမိအခြေအနေနှင့် လိုက်လျောညီထွေဆောင်ရွက်နိုင်မယ့် အခွန်စနစ်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကိုလည်း ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်အတွက် ရသင့်ရထိုက်တဲ့ အခွန်အခ၀င်ငွေများ တိုးတက်ရရှိအောင်လည်း အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် နိုင်ငံတော်ရဲ့ ပြည်ပကြွေးမြီရှင်းလင်းရေးကိစ္စကိုလည်း ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ရာ ပြည်ပနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများထံမှ အထူးသက်သာတဲ့ အတိုးနှုန်းဖြင့် ချေးငွေများနှင့် အခြားအကူအညီ အထောက်အပံ့များ ပိုမိုရရှိနိုင်တော့မှာ ဖြစ်ခြင်းကြောင့် နိုင်ငံ့ဖွံ့ဖြိုးရေးနှင့် ပြည်သူ့ဗဟိုပြုဖွံ့ဖြိုးရေး လုပ်ငန်းများကို ပိုမိုတိုးတက်ဆောင်ရွက်နိုင်တော့မှာ ဖြစ်ပါတယ်။ ယခုတင်ပြတဲ့အခြေအနေ အကြောင်းအရာအချက်အလက်များဟာ နိုင်ငံတော်ရဲ့ ဘဏ္ဍာရေးအခြေအနေတိုးတက်မှုကို ညွှန်ပြနေတာမို့ ဒီလိုတိုးတက်မှုနှင့်အတူ နိုင်ငံ့၀န်ထမ်းများ ရသင့်ရထိုက်တဲ့ လက်ရှိအခြေအနေနဲ့ ကိုက်ညီတဲ့ နိုင်ငံ့၀န်ထမ်းများရဲ့လစာ၊ လုပ်ခနှင့်ထောက်ပံ့ကြေးများ၊ အငြိမ်းစား၀န်ထမ်းများရဲ့ လစာများ တိုးမြှင့်ခံစားခွင့်ပြုရေးကိစ္စတို့ကို ဆောင်ရွက်နိုင်တော့မှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာလည်း စနစ်တကျစီမံတွက်ချက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လက်ရှိအခြေအနေအရ ၀န်ထမ်းများအား ထောက်ပံ့ကြေးငွေ တိုးမြှင့်ခံစားခွင့်ပြုရန်ကို ဦးစွာစဉ်းစားဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် လစာတိုးမြှင့်ခြင်းနှင့် တိုးမြှင့်ပေးတဲ့၀န်ထမ်းလစာနှင့်အတူ ယှဉ်တွဲဖြစ်ပေါ်လာမယ့် အငြိမ်းစားပင်စင်လစာအတွက် တိုးမြှင့်ထောက်ပံ့ရမယ့် ပမာဏအတွက် နိုင်ငံတော်မှ ရေတိုရေရှည်ကျခံနိုင်မှု အခြေအနေကိုလည်း ထည့်သွင်းတွက်ချက်စဉ်းစား

ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် နိုင်ငံတော်ရဲ့ ပင်စင်လစာကျခံသုံးစွဲမှုဝန်ထုပ်ဝန်ပိုးကို စနစ်တကျစီမံခန့်ခွဲနိုင်မယ့် ပင်စင်ရန်ပုံငွေတစ်ရပ်ထူထောင် ဆောင်ရွက်ရန်နှင့် အခြားနိုင်ငံများရဲ့ ပင်စင်စနစ်ကို လေ့လာသုံးသပ်ပြီး မိမိနှင့်ကိုက်ညီတဲ့ ပင်စင်စနစ်ကိုလည်း ကျင့်သုံးအကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန်အတွက်လည်း စီမံဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ထို့အပြင် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ပြည်သူလူထုရဲ့ နေထိုင်ရေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်ရည်ရွယ်ချက်နှင့် တန်ဖိုးနည်းအိမ်ရာစီမံကိန်းများနှင့် ဝယ်ယူနိုင်စွမ်းရှိတဲ့ အိမ်ရာ စီမံကိန်းများကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့်ညှိနှိုင်းကာ အကောင်အထည်ဖော် ဆောင်ရွက်ရန်စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ကိုယ်ပိုင်အိမ်ရာမရှိသေးတဲ့ဝန်ထမ်းတွေ၊ အငြိမ်းစား ဝန်ထမ်းတွေ၊ ပုဂ္ဂလိကကုမ္ပဏီဝန်ထမ်းများနှင့် ပြည်သူတွေ ကိုယ်ပိုင်အိမ်ရာပိုင်ဆိုင်ခွင့်ရရှိရေးအတွက် အဆင့်လိုက်သီးသန့်တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ပေးနိုင်ရေးအတွက်လည်း စီစဉ်ပေးလျက်ရှိ ပါတယ်။ ဒီလိုစီစဉ်တဲ့နေရာမှာ လစာငွေနည်းပါးတဲ့ ဝန်ထမ်းများအတွက် အိမ်ရာတွေ ဆောက်လုပ်ပေး ခြင်း၊ လစာဝင်ငွေအလယ်အလတ်ရှိတဲ့ ဝန်ထမ်းများအတွက် အိမ်ရာများ ဆောက်လုပ်ပေးခြင်း၊ အငြိမ်းစားဝန်ထမ်းများ၊ ပုဂ္ဂလိက ကုမ္ပဏီဝန်ထမ်းများနှင့် ပြည်သူများအတွက် အိမ်ရာများ ဆောက်လုပ်ပေးခြင်းတို့ ပါဝင်ကြောင်း သိရှိရပါတယ်။ အဆင့်လိုက်အိမ်ခန်းလိုအပ်ချက်များကို စိစစ် ပြီး မြေနေရာရရှိနိုင်မှုနှင့် မြေအသုံးချစီမံချက်အပေါ်မူတည်ပြီးတော့ သင့်လျော်ကောင်းမွန်တဲ့ အိမ်ရာများတည်ဆောက်ရန် စီမံကိန်းများရေးဆွဲပြီး ဦးစားပေးအစီအစဉ်လိုက် တာဝန်ထမ်းဆောင်ဆဲ ပြည်သူ့ဝန်ထမ်းများအား အငှားချဝန်ထမ်းအိမ်ရာများတွင် စီစဉ်ပေးခြင်း၊ ငွေပေးချေနိုင်မှု အင်အားပေါ် အခြေခံကာ ကျသင့်အိမ်တန်ဖိုးကို လစဉ်အရစ်ကျ လစာငွေမှ ပေးသွင်းစေခြင်း၊ အငြိမ်း စားယူတဲ့အခါမှာ လက်ကျန်ငွေတွေကို တစ်လုံးတစ်ခဲတည်း လုပ်သက်ဆုငွေမှ ဖြတ်တောက်ပေးသွင်း စေခြင်းနှင့် ထပ်မံလိုငွေကို ငွေသားဖြင့်ပေးသွင်းစေခြင်း၊ အငြိမ်းစားဝန်ထမ်းများ၊ ပုဂ္ဂလိက ကုမ္ပဏီဝန်ထမ်းများနှင့် ပြည်သူများအတွက် ကျသင့်တန်ဖိုးကို တစ်လုံးတစ်ခဲတည်း ပေးသွင်းစေခြင်း နည်းလမ်းများနှင့် ကိုယ်ပိုင်အိမ်ဖြစ်စေရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ စီစဉ် ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းမှာ နိုင်ငံတော်အတွက် အစစအဆင်ပြေသော

အချိန်၌ ဆောင်ရွက်ပေးနိုင်ပါရန်ဟု ဖော်ပြထားရာ ယခုမေးမြန်းချက်သည် အမှန်တကယ်လိုအပ်ချက်ဖြစ်သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် ရင်ဆိုင်ဖြေရှင်းရမယ့် စဉ်းစားသုံးသပ်တွက်ချက်ဆောင်ရွက်ရမယ့် အခြေအနေများအပေါ် စာနာနားလည်စိတ်ဖြင့် ဖော်ပြထားခြင်းဖြစ်ကြောင်း တွေ့ရှိရ တဲ့အတွက် များစွာကျေးဇူးတင်ရှိကြောင်း တင်ပြအပ်ပါတယ်။ နိုင်ငံတော်သမ္မတကြီးရဲ့ ၁-၁-၂၀၁၃ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့တဲ့ နှစ်သစ်ကူးသဝဏ်လွှာ၌ ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို တစ်နှစ်ထက်တစ်နှစ်ပိုမိုစနစ်ကျစွာ ပြဋ္ဌာန်းနိုင်မည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းများရဲ့ ထောက်ပံ့ကြေးတွေကိုလည်း တစ်ဆင့်ပြီးတစ်ဆင့် တိုးမြှင့်ပေးနိုင်တော့မည်ဖြစ်ကြောင်းကိုလည်း ထုတ်ဖော်ပြောကြားထားပါတယ်။ သို့ဖြစ်ပါ၍ ချင်းပြည်နယ်၊ ကန်ပက်လက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကိုရဲ့ ပြည်သူ့ဝန်ထမ်းများနှင့် အငြိမ်းစားများအတွက် စံစားခွင့်အရပ်ရပ်ကို အချိန်ကာလအလိုက် ပြန်လည်စိစစ်၍ လိုအပ်သလို ပြင်ဆင်တိုးမြှင့် စံစားခွင့်ပြုနိုင်ရေးမေးခွန်းတွင် ဖော်ပြပါရှိသည့်အချက်များနှင့် အစီအမံများအား ပြည်သူ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအတွက် အမှန်တကယ်ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် အစဉ် အလေးထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ထုတ်ပြန်သော စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာ နည်းဥပဒေများ၊ ပို့ဆောင်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သောရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးနည်းဥပဒေ၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ တင်သွင်းမည့် မြန်မာအထူးစီးပွားရေးဇုန်ဥပဒေကြမ်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ တင်သွင်းမည့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ဖြန့်ဝေထားရှိမှုအား လွှတ်တော်သို့အသိပေးတင်ပြခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် ၆ မှာ ဖော်ပြထားတဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ထုတ်ပြန်သော စာချွန်တော်အမိန့် လျှောက်ထားမှုဆိုင်ရာ နည်းဥပဒေများ၊ အစီအစဉ် ၇ မှာဖော်ပြထားတဲ့ ပို့ဆောင်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးနည်းဥပဒေ၊ အစီအစဉ် ၈ မှာ ဖော်ပြထားသော အမျိုးသား

စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက တင်သွင်းသည့် မြန်မာအထူးစီပွားရေးဇုန် ဥပဒေကြမ်း၊ အစီအစဉ် ၉ မှာဖော်ပြထားတဲ့ ပြန်ကြားရေးဝန်ကြီးဌာနက တင်သွင်းထားသည့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်းကို လွှတ်တော်ကရရှိကြောင်းနှင့် ကိုယ်စားလှယ်များထံ အားလုံးဖြန့်ဝေထားပြီးဖြစ်ကြောင်း အသိပေးကြေညာပါတယ်။ ဒီဥပဒေများကို လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ အချိန်ယူဖတ်ကြားပြီး လိုသည့်နေရာများတွင် ပြင်ဆင်မှုအဆိုများ တင်ပြနိုင်သလို ဒီဥပဒေကြမ်းများကို သက်ဆိုင်ရာစီမံခန့်ခွဲရသည့် ကော်မတီများအလိုက် ဥပဒေကြမ်း များကို အဓိကတာဝန်ယူ ဆွေးနွေးတဲ့နေရာမှာ ဥပဒေကြမ်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ် များရဲ့ပါဝင်မှုများစွာအရေးကြီးပါတယ်။ များစွာလိုအပ်ပါတယ်။ ဒီအခါမှသာ နိုင်ငံတော်နှင့် နိုင်ငံသား များအကျိုးစီးပွားကို ဖြစ်စေသော ဥပဒေများဖြစ်ပေါ်လာနိုင်မှာဖြစ်တဲ့အတွက် ပြည်သူ့ကိုယ်စားလှယ် များပါဝင်ဆောင်ရွက်ကြရန်လိုအပ်ပါတယ်။ သက်ဆိုင်ရာသို့ လိုအပ်တဲ့ အချိန်များတွင် သွားရောက် ဆွေးနွေးနိုင်ပါတယ်။ ဆွေးနွေးမှုအတွက် သီးခြားဖိတ်ခေါ်မှာမဟုတ်ဘဲနဲ့ မိမိတို့ရဲ့ သဘော၊ မိမိတို့ရဲ့ ဆန္ဒ၊ ပြည်သူများအပေါ် ထားရှိတဲ့စေတနာအပေါ်မူတည်ပြီးတော့ ဆောင်ရွက်သွားရန်လိုကြောင်း လည်းအသိပေးတင်ပြလိုပါတယ်။

## အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့သော ၂၀၁၂ ခုနှစ် အနည်းဆုံးအခ ကြေးငွေ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ လွှတ်တော်မှာစတင်ဆွေးနွေးပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပဉ္စမနေ့ဖြစ်သော ၂၄-၁၀-၂၀၁၂ ရက်နေ့က အတည်ပြုခဲ့တဲ့ ၂၀၁၂ ခုနှစ် အနည်းဆုံးအခကြေးငွေ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ၂၆-၁၀-၂၀၁၂ ရက်နေ့တွင် ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်း ကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာတဲ့အတွက် ၄-၂-၂၀၁၃ ရက်နေ့ မှာ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ အရ လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ပြင်ဆင်ချက် မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေခဲ့ပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များ အပေါ် ပြင်ဆင်ချက်အဆိုတင်သွင်းရန် သတ်မှတ်ထားတဲ့ ၁၃-၂-၂၀၁၃ ရက်နေ့အထိ အမျိုးသား လွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် ဥပဒေကြမ်းကော်မတီအပါအဝင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ ပြင်ဆင်ချက်အဆို တင်သွင်းခြင်းမပြုတဲ့အတွက် အမျိုးသားလွှတ်တော်၏

ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ၂၀၁၂ ခုနှစ် အနည်းဆုံး အခကြေးငွေဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန်လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ၂၀၁၂ ခုနှစ် အနည်းဆုံးအခကြေးငွေ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း အတည်ပြုကြောင်းနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၄ နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၂) ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၂၁) ရက်မြောက်နေ့ကိုရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့ လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့ကို ၂၀၁၃ ခုနှစ်၊ မတ်လ ၆ ရက် (ဗုဒ္ဓဟူးနေ့) ၁၀း၀၀ နာရီအချိန်မှာဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၂း၅၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့ကို ၁၂း၅၀ နာရီတွင်ရပ်နားပါသည်။]